**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**(မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၁/ ၉၅**

**ရန်ကုန်မြို့၊ ၁၃၅၇ ခုနှစ်၊ ဝါဆိုလဆုတ် ၆ ရက်**

**(၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

**[ ပြင်ဆင် : 13.12.2023 ]**

Amending Law

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာနည်းဥပဒေ များ ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုဆို လိုသည်၊

(ခ) **ပြစ်မှု** ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူသောပြစ်မှုကိုဆိုသည်၊

(ဂ) **ဆေးဝါး**ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကိုဆိုသည်၊

(ဃ) **တားဆီး နှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က) အရ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသောအဖွဲ့ကိုဆိုသည်၊

(င) **ဆေးကုသရေး အဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (င) အရ ဗဟို အဖွဲ့က ဖွဲ့စည်း ပေးသောအဖွဲ့ကို ဆိုသည်၊

(စ) **ပြန်လည်ထူထောင်ရေးအဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (စ) အရ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသော အဖွဲ့ကိုဆိုသည်၊

(ဆ) **လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဋ) အရ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသောအဖွဲ့ကိုဆိုသည်၊

(ဇ) **ကြီးကြပ်ကွပ်ကဲမှုအဖွဲ့** ဆိုသည်မှာ နည်းဥပဒေ ၃ အရ ဖွဲ့စည်းထားသော ဆေးဝါးသုံးစွဲသူကုသရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကို ဆိုသည်၊

(ဈ) **ပြန်လည်ထူထောင်ရေးစခန်း** ဆိုသည်မှာ ဥပဒေ အခန်း (၆) ပါ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနအောက်ရှိ ပြန်လည်ထူထောင်ရေးစခန်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သော ပြုစုပျိုးထောင်ရေးစခန်းများလည်း ပါဝင်သည်၊

(ည) **ဆေးဝါးသုံးစွဲသူကုသရေးဌာန** ဆိုသည်မှာ ဆေးဝါးသုံးစွဲသူများအား ဆေးကုသရန်ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဆေးရုံ၊ ဆေးကုသဌာန သို့မဟုတ် ခွင့်ပြုချက်ပေးထားသည့် ဆေးကုဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့်ဆေးကုသဌာန သို့မဟုတ် ဆေးကုဂေဟာကို ဆိုသည်၊

(ဋ) **ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်း** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေပုဒ်မ ၇ အရ ဗဟိုအဖွဲ့က ဖွဲ့စည်းထားသောလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ဆိုသည်၊

(ဌ)

ပယ်ဖျက်

(ဍ) **တာဝန်ခံဆရာဝန်** ဆိုသည်မှာဆေးဝါးသုံးစွဲသူကုသရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော တာဝန်ခံဆရာဝန်ကို ဆိုသည်၊

(ဎ) **ရှာဖွေရေးအရာရှိ** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သောအရာရှိ သို့မဟုတ် အကောက်ခွန်ဦးစီးဌာနမှ ဒုတိယ အကောက်ခွန်မှူး အဆင့်ထက် မနိမ့်သော အရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါ ပြစ်မှု တစ်ခုခုနှင့် စပ်လျဉ်း၍ ရှာဖွေဖမ်းဆီးရန် ပြည်ထဲရေးဝန် ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်တာဝန်ပေးသော အရာရှိလည်းပါဝင်သည်။

<ပြင်ဆင် 13.12.2023>

## အခန်း(၂)
## ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးခြင်း

<ပြင်ဆင် 13.12.2023>

၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များသည် ဆေးဝါးသုံးစွဲသူအား ထိရောက်စွာ ကုသနိုင်ရေးအတွက် မိမိတို့နှင့်သက်ဆိုင်ရာဒေသအတွင်းရှိ ဆေးဝါးသုံးစွဲသူကုသရေးဌာနများ၌ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ ဖွဲ့စည်းပေးရမည်။

(ခ) ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ အသီးသီးကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များမှ ကိုယ်စား လှယ်များဖြင့် အဖွဲ့ဝင် ၃ဦးထက်မနည်း ၅ဦးထက်မများ ပါဝင်စေပြီး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့၏ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့ကိုပါ တစ်ပါတည်း သတ်မှတ်ပေးရမည်။

<ပြင်ဆင် 13.12.2023>

၄။ (က) ဆေးဝါးသုံးစွဲသူသည် အသက် ၁၈ နှစ်ပြည့်ပါက မိမိ၏သဘောဆန္ဒအလျောက်ဖြစ်စေ၊ အသက် ၁၈ နှစ်မပြည့်သေးပါက မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် အတူလာရောက်၍ဖြစ်စေ ဆေးဝါးသုံးစွဲသူ ကုသရေးဌာန၌ ဆေးကုသမှုခံယူရမည်။

(ခ) ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသမှုပြီးဆုံးပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်သင့်သည်ဟု ဆေးကုသရေးအဖွဲ့နှင့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့က ယူဆလျှင် ၎င်းအဖွဲ့များက ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းသို့ လွှဲပြောင်းပို့အပ်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်း၌ ခြောက်လထိ ပြုစုပျိုးထောင်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရမည်။

<ပြင်ဆင် 13.12.2023>

၅။ ပယ်ဖျက်

<ပြင်ဆင် 13.12.2023>

☐ ၆။ ပယ်ဖျက်

<ပြင်ဆင် 13.12.2023>

☐ ၇။ ဆေးဝါးသုံးစွဲသူသည်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို လျှော့ချရန် ဆေးဝါးသုံးစွဲသူကုသရေးဌာနများထံမှ အောက်ပါဝန်ဆောင်မှုများ ရယူနိုင်သည်-

(က) တစ်ခါသုံးဆေးထိုးအပ်များ၊

(ခ) အစားထိုးဆေးဝါးကုသမှု၊

(ဂ) ခုခံအားကျဆင်းမှုကူးစက်ရောဂါရှိမရှိစစ်ဆေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးမှု၊

(ဃ) ခုခံအားကျဆင်းမှုကူးစက်ရောဂါကုသဆေးများ၊

(င) ကာလသားရောဂါ ကာကွယ်ကုသမှု၊

(စ) ကွန်ဒုံးများ၊

(ဆ) ဆေးဝါးသုံးစွဲသူနှင့် ၎င်းတို့နှင့်လိင်ဆက်ဆံသူများအား သတင်းအချက်အလက်နှင့် ပညာပေးဆွေးနွေးမှုများ၊

(ဇ) အသည်းရောင်အသားဝါရောဂါကာကွယ်ဆေးထိုးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်း၊

(ဈ) တီဘီရောဂါကာကွယ်ခြင်းနှင့် ကုသခြင်း၊

(ည) ဆေးလွန်မှုကုသရန် ဆေးဝါးများ၊

(ဋ) ကျန်းမာရေးဆိုင်ရာအသိပညာနှင့် လိုအပ်သော အကူအညီများ။

<ပြင်ဆင် 13.12.2023>

☐ ၈။ (က) ပုဂ္ဂလိကပိုင် ၊ ဖက်စပ်ပိုင် သို့မဟုတ် အသင်းအဖွဲ့ပိုင် ဆေးကုဂေဟာတွင် ဆေးဝါးသုံးစွဲသူများ အား ဆေးကုသပေးခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ခွင့်ပြုချက်ရရှိရန် ကုသရေး ဦးစီးဌာနသို့ ပုံစံ (၃)ဖြင့် လျှောက်ထားရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ လျှောက်ထားလာသည့်အခါ ကုသရေးဦးစီးဌာနသည် ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး ဆေးကုသရေးအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် ကျန်း မာရေးဝန်ကြီးဌာနသို့တင်ပြရမည်၊

(ဂ) ကျန်းမာရေးဝန်ကြီး ဌာနသည် နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကိုစိစစ်ပြီး ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်၊ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ ပုံစံ (၄) ဖြင့် ခွင့်ပြုရမည်။

<ပြင်ဆင် 13.12.2023>

☐ ၉။ အကျဉ်းထောင်တာဝန်ခံ သို့မဟုတ် ရဲစခန်းမှူးသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ချုပ်ထားခြင်းခံရသူ သို့မဟုတ် ပြစ်ဒဏ်ကျခံနေရသူသည်ဆေးဝါးသုံးစွဲကြောင်း စိစစ်သိရှိရပါက သက်ဆိုင်ရာတာဝန်ခံဆရာဝန်နှင့် ညှိနှိုင်း၍ ဆေးကုသနိုင်ရန် ဆောင်ရွက်ပေးရမည်။

<ပြင်ဆင် 13.12.2023>

☐ ၉-က။ (က) သက်ဆိုင်ရာရဲစခန်းမှူးအဆင့်အောက်မနိမ့်သော ရဲအရာရှိသည်ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူစေရမည်။ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ဆေးဝါးသုံးစွဲသူ ကုသရေးဌာနသို့ ဆောလျင်စွာပို့အပ်ရမည်။

(ခ) သက်ဆိုင်ရာ ရဲစခန်းမှူးသည် ပဏာမဆေးစစ်ချက်ခံယူရန် ငြင်းဆန်ပျက်ကွက်သူကိုဖြစ်စေ၊ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပြီး ဆေးကုသမှုခံယူရန် ပျက်ကွက်သူကိုဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုနိုင်ရန် မြို့နယ်တရားရုံးသို့ လျှောက်ထားရမည်။

(ဂ) တရားရုံးသည် နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားခြင်းခံရသူအား ပဏာမဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက နည်းဥပဒေခွဲ (ဂ) အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်းမပြုလျှင်ဖြစ်စေ၊ ချမှတ်သောခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဌာနကြီးစွာအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လပို့အပ်သည့် အမိန့် ချမှတ်ရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ အမိန့်ချမှတ်ခြင်းခံရသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ သက်ဆိုင်ရာ ရဲစခန်းက လိုအပ်သောအစီအမံဖြင့် ပို့အပ်ရမည်။

(စ) ထိုသို့ပို့အပ်ခြင်းခံရသူသည် သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းက သတ်မှတ်ထားသည့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ နေထိုင်ရမည်။

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့်စပ်လျဉ်း၍ သတင်းပေးပို့လာပါက နည်းဥပဒေခွဲ (က)၊ (ခ) တို့နှင့်အညီ ဆောင်ရွက်ရမည်။

<ပြင်ဆင် 13.12.2023>

☐ ၁၀။ တာဝန်ခံဆရာဝန်သည်-

(က) ဆေးကုသရေးအဖွဲ့နှင့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့တို့၏ ညွှန်ကြားမှုနှင့် ကြီးကြပ်မှုကို ခံယူ၍ ဆေးကုသမှုခံယူသူများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဆေးကုသမှုဆိုင်ရာ ကုထုံးကုနည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆေးကုသပေးရမည်၊

(ခ) ဆေးကုသမှုမှတ်တမ်းတွင်လည်းကောင်း၊ ဆေးကုသမှုခံယူသူ၏ မှတ်တမ်းစာအုပ်တွင်လည်း ကောင်း ဆေးကုသချက်ကို ရေးသားပြီး လက်မှတ်ရေးထိုးရမည်၊

(ဂ) ဆေးဝါးသုံးစွဲသူ ကုသရေးဌာနများတွင် ဆေးကုသမှု ခံယူလျက်ရှိသော အတွင်းလူနာနှင့် ပြင်ပလူ နာများအား ဆေးကုသပေးပြီးနောက် ဆေးဝါးသုံးစွဲမှု ပြန်လည်မဖြစ်ပေါ်စေရန် ကျန်းမာရေးဝန်ကြီး ဌာနက အခါအားလျော်စွာသတ်မှတ်သည့်အတိုင်း မှန်မှန် ပြန်လည်၍ စစ်ဆေးမှုခံယူရန် ညွှန်ကြားရမည်၊

(ဃ)

ပယ်ဖျက်

(င) ပယ်ဖျက်

<ပြင်ဆင် 13.12.2023>

☐ ၁၁။ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များသည် ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဗဟိုအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များ၏ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို တာဝန်ယူကြီးကြပ်ခြင်း၊

(ခ) မိမိတို့မြို့နယ် အတွင်းရှိသော ဆေးဝါးသုံးစွဲသူကုသရေးဌာန များအား အခါအားလျော်စွာ စစ်ဆေးကြည့်ရှုခြင်းနှင့် လိုအပ်သည်များကို ညွှန်ကြားခြင်း၊

(ဂ) လုပ်ငန်းများလက်တွေ့ အကောင်အထည်ဖော်ရာတွင် ထိရောက်မှုရှိစေရန် မိမိမြို့နယ်အတွင်းရှိဌာန၊ အဖွဲ့အစည်းများ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မူးယစ်ဆေး ဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များအား ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

<ပြင်ဆင် 13.12.2023>

☐ **၁၂။** တာဝန်ခံဆရာဝန်သည် ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးခြင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပြုစုပြီး ဗဟိုအဖွဲ့နှင့် ဆေးကုသရေး အဖွဲ့သို့ အစီရင်ခံရမည်။

<ပြင်ဆင် 13.12.2023>

☐ **၁၃။** (က) ဆေးဝါးသုံးစွဲသူ ကုသရေးဌာနများမှအပ အခြားဆေးရုံ၊ ဆေးခန်း၊ ဆေးကုဂေဟာ သို့မဟုတ် အခြားနေရာတစ်ခုခုရှိ ဆရာဝန်တစ်ဦးဦးသည် ၎င်းထံသို့ ဆေးဝါးကုသရန် ရောက်ရှိလာသော ဆေးဝါးသုံးစွဲသူကိုတွေ့ရှိလျှင် သက်ဆိုင်ရာဆေးဝါးသုံးစွဲသူကုသရေးဌာနသို့ သွားရောက်ကုသရန် ညွှန်ကြားပေးရမည်။

(ခ) ဆေးဝါးသုံးစွဲသူကုသရေးဌာနများမှအပ အခြားဆေးရုံ၊ ဆေးခန်း၊ ဆေးကုဂေဟာ သို့မဟုတ် အခြား နေရာတစ်ခုခုတွင် ခွင့်ပြုချက်မရှိဘဲ ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသပေးလျှင် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။ သို့ရာတွင် ဆေးစွဲလူနာတစ်ဦးအား အရေးပေါ် အသက်ကယ်ကုသခြင်းနှင့် မသက်ဆိုင်စေရ။

<ပြင်ဆင် 13.12.2023>

## အခန်း(၃)
## ပြန်လည်ထူထောင်ခြင်း

☐ **၁၄။** လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ဗဟိုအဖွဲ့က ချမှတ် သော လုပ်ငန်းလမ်းညွှန်ချက် များနှင့်အညီ ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေး၊ ဆက် လက်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာဝန် ကြီးဌာနများ၊ ဥပဒေပုဒ်မ ၇ အရ ဗဟိုအဖွဲ့ကဖွဲ့စည်းပေးသော သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်း ၍ လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

☐ **၁၅။** ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် အောက်ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို ဆောင်ရွက်ရမည်-

(က) ဆေးကုသမှု ခံယူသူများနှင့် ၎င်းတို့အားမှီခိုနေရသော မိသားစုအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်း သို့မဟုတ် အခြားလုပ်ကိုင်နိုင်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်နှင့် ပံ့ပိုးပစ္စည်းများ ရရှိနိုင်ရန် အကူအညီများပေးခြင်း၊

(ခ) ဆေးကုသမှု ခံယူပြီးသူများအား ၎င်းတို့၏ ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိ၍အခြေအနေ တည်ငြိမ်စွာ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြား ပေးသည့် ပြန်လည်ထူထောင်ရေး သင်တန်းများဖွင့် လှစ်သင်ကြားပေးခြင်း၊

(ဂ) ပြန်လည်ထူထောင်ရေးသင်တန်း တက်ရောက်ပြီးသူများအား ၎င်းတို့တတ်စွမ်းသည့် ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပြန်လည် နေရာချထားပေးခြင်းနှင့် ဆေးဝါးပြန်လည်သုံးစွဲမှု မဖြစ်ပေါ်ရေးအတွက် ဆက်လက်စောင့်ရှောက်ခြင်း၊

(ဃ) ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျနှင့် ထိ ရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ကျွမ်းကျင်မှု သင်တန်း များပေးခြင်း။

<ပြင်ဆင် 13.12.2023>

☐ **၁၆။** ကြီးကြပ်ကွပ်ကဲမှုအဖွဲ့သည် ဆေးကုသမှုခံယူပြီးသူများအား စိစစ်ပြီး ၎င်းတို့၏စိတ်ပိုင်းနှင့် ရုပ်ပိုင်း ဆိုင်ရာ ပြန်လည်ထူထောင်မှုကို ခံယူစေရေးအတွက် လိုအပ်လျှင် ပြန်လည်ထူထောင်ရေးသင် တန်းသို့ တက်ရောက်နိုင်ရန် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်ရမည်။

<ပြင်ဆင် 13.12.2023>

☐ **၁၇။** ပြန်လည်ထူထောင်ရေးဦးစီးဌာနသည်-

(က) ပြန်လည်ထူထောင်ရန်နှင့် ဆက်လက်စောင့်ရှောက်ရန် လိုအပ်သော ဆေးကုသမှု ခံယူပြီးသူများ အား ပြန်လည်ထူထောင်ရေးသင်တန်းတွင် လက်ခံ၍ ၎င်းတို့၏ ကျန်းမာရေး အခြေအနေနှင့် အသက်အ ရွယ် အလိုက် အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားလေ့ကျင့်ပေးရမည်၊

(ခ)

ပယ်ဖျက်

(ဂ) ပြန်လည်ထူထောင်ရေးသင်တန်းနှင့် စပ်လျဉ်း၍ သင်တန်းစည်းကမ်းချက်များကို သတ်မှတ်ထားရ မည်၊

(ဃ) ဆေးကုသမှုခံယူပြီးသူများအား ပြန်လည်နေရာချထားရေးအတွက်စီစဉ် ဆောင်ရွက်ခြင်း မပြုနိုင် မီကာလတွင် အသက်၁၈နှစ် မပြည့်သေးသူဖြစ်ပါက ပရဟိတဂေဟာများ အပါအဝင် လူငယ်သင်တန်း ကျောင်းများတွင် လက်ခံစောင့်ရှောက်ရမည်။

(င) ဥပဒေပုဒ်မ ၁၅ အရ လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့ဆောင်ရန် သက်ဆိုင်ရာမြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) ဆေးဝါးသုံးစွဲသူအား အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။

<ပြင်ဆင် 13.12.2023>

☐ **၁၇-က။** (က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်သော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ရန် လိုအပ်ပါက မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ဖြစ်စေ၊ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (င) အရဖြစ်စေ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့ဆောင်ရန်လိုအပ်သလို စီမံဆောင်ရွက်ရမည်။

<ပြင်ဆင် 13.12.2023>

☐ **၁၈။** ပယ်ဖျက်

<ပြင်ဆင် 13.12.2023>

## အခန်း (၃-က)
## လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း

☐ **၁၈။** (က) ပြန်လည်ထူထောင်ရေးစခန်းတာဝန်ခံသည် ဆေးဝါးသုံးစွဲသူလိုက်နာရမည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို စခန်းအလိုက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထုတ်ပြန်နိုင်သည်။

(ခ) ဆေးဝါးသုံးစွဲသူသည် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း စခန်းက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်း၌ ပြန်လည်ထူထောင်ခြင်းပြုလုပ်ပေးရမည့်ကာလကို ခြောက်လသတ်မှတ်ဆောင်ရွက်ရမည်။

(ဃ) ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးကာလအတွင်း ဆေးကုသမှုနှင့်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

<ပြင်ဆင် 13.12.2023>

☐ **၁၈-က။** (က) သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းတာဝန်ခံသည် စခန်းကထုတ်ပြန်ထားသော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည့် ဆေးဝါးသုံးစွဲသူကို ၎င်းဖောက်ဖျက်သော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်များဖော်ပြ၍ သက်ဆိုင်ရာမြို့နယ် တရားရုံးသို့လျှောက်ထားရမည်။

(ခ) တရားရုံးသည် လျှောက်ထားခြင်းခံရသူအား လူမှုအကျိုးပြုလုပ်ငန်းများကို ကိုယ်တိုင်လုပ်အားဖြင့် သတ်မှတ်ထားသည့်နေရာ၌ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အခမဲ့ လုပ်ဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) အမိန့်ချမှတ်ခြင်းခံရသူသည် တရားရုံးကချမှတ်သည့် လူမှုအကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်း၌ နေထိုင်ရမည့်ကာလပြီးဆုံးသည့်နေ့၏ နောက်ရက်တွင် စတင်ဆောင်ရွက်ရမည်။

(ဃ) တရားရုံးသည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန်အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ စာဖြင့် အကြောင်းကြားရမည်။

(င) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့်ဌာနသို့ စာဖြင့်အကြောင်းကြားရမည်။

(စ) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကိုကြီးကြပ်ရန် တာဝန်ပေးအပ်ခံရသည့် ဌာနသည် တရားရုံးကအမိန့်ချမှတ်ခြင်းခံရသူ၏ လုပ်ဆောင်ရမည့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

<ပြင်ဆင် 13.12.2023>

## အခန်း(၄)
## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ဝရမ်းကပ်ခြင်းနှင့် ချိပ်ပိတ်ခြင်း

☐ **၁၉။** ရှာဖွေရေးအရာရှိသည် အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သော အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုတွင် ရှာဖွေအမိန့်မပါဘဲ ရှာဖွေခြင်း၊ ပြစ်မှုကျူးလွန်သူအား ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြု နိုင်သည်။ ထိုသို့ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းပြုပါက ပြစ်မှုနှင့် သက်ဆိုင်သောပစ္စည်းများကို နည်းဥပဒေ ၂၆ နှင့်အညီ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမည်။

☐ **၂၀။** မည်သူမဆို အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့်နေရာတွင် မိမိ၏ ရှေ့မှောက်၌ ပြစ်မှုတစ်ခု ခုကို ကျူးလွန်နေသည်ကို တွေ့ရှိသည့်အခါ ရှာဖွေအမိန့်မပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း ပြုနိုင်သည်။ ထိုသို့ ဖမ်းဆီးပြီးနောက် နှောင့်နှေးကြန့်ကြာမှု မရှိ စေဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦးဦးထံသို့ စနစ်တကျ လွှဲအပ်ရမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်မရှိလျှင် ထိုသူ အား သက်သေခံပစ္စည်းများနှင့်တကွ အနီးဆုံးရဲစခန်းသို့ စနစ်တကျ ချက်ချင်းလွှဲအပ်ရမည်။

<ပြင်ဆင် 13.12.2023>

☐ **၂၁။** အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုတွင် ပြစ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း လုံလောက်သည့်အကြောင်းရှိလျှင်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သည့် ဆေးဝါး သို့မဟုတ် ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းကို ထားရှိကြောင်း သို့မဟုတ် လျှို့ဝှက်ထားကြောင်း ယုံကြည်ရန် လုံလောက်သည့်အကြောင်းရှိလျှင်ဖြစ်စေ ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်ကို ရှာဖွေရန်-

(က) အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ရှာဖွေရေးအရာရှိအား ရှာဖွေအမိန့်ထုတ်ပေး၍ ရှာဖွေစေနိုင်သည်-

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် သို့မဟုတ် မူခင်းနှင့် ဥပဒေရေးရာဌာနကြီးမှ ဌာနကြီးမှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး၊

(၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အတွက်ဖြစ်လျှင် ကွပ်ကဲရေးမှူး သို့မဟုတ် ဒုတိယကွပ်ကဲရေးမှူး သို့မဟုတ် ကွပ်ကဲမှုအဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၃) မှုခင်းရဲတပ်ဖွဲ့နှင့် သတင်းရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၄) အကောက်ခွန်ဦးစီးဌာနအတွက်ဖြစ်လျှင်-

(កក) ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အခွင့်အာဏာအပ်နှင်းထားသည့် ညွှန်ကြားရေးမှူး၊

(ခခ) ကျန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရုံးစိုက်ရာမြို့များနှင့် နေပြည်တော်တွင် ညွှန်ကြားရေးမှူး၊

(ဂဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ညွှန်ကြားရေးမှူး ရုံးစိုက်ရာမြို့မဟုတ်သည့် မြို့နယ်များတွင် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊

(၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ဌာနမှူး (တားဆီး) သို့မဟုတ် တပ်ဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့စုမှူး တာဝန်ထမ်းဆောင်သူအရာရှိ၊

(၆) ရထားရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၇) ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သတ်မှတ်တာဝန်ပေးသော ပြန်တမ်းဝင်အရာရှိ အဆင့်ထက်မနိမ့်သော အရာရှိ။

(ခ) ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် သွားလာရေးခက်ခဲသော သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ကြောင့် ရှာဖွေအမိန့်ရယူရန် ခက်ခဲနိုင်သောဒေသနှင့် သတ်မှတ်ကာလအတွင်းတွင် ရဲအုပ်အဆင့်အောက်မနိမ့်သည့် စခန်းမှူးသည် ရှာဖွေအမိန့်မပါဘဲ ဝင်ရောက်ရှာဖွေနိုင်သည်။

<ပြင်ဆင် 13.12.2023>

☐ **၂၂။** ရှာဖွေအမိန့်ထုတ်ပေးသူသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရှာဖွေအမိန့်ကိုထုတ်ပေးခြင်း မပြုမီ ရရှိသည့်သတင်းအတိုချုပ် သို့မဟုတ် ယုံကြည်ရန် လုံလောက် သည့်အကြောင်းများကို စာဖြင့်ရေးမှတ်ထားရမည်၊

(ခ) ထုတ်ပေးသည့် ရှာဖွေအမိန့်တွင် သတင်းပေးသူ၏ အမည်ကိုဖော်ပြခြင်းမပြုရ၊

(ဂ) ရှာဖွေအမိန့်ကို အတည်ပြုဆောင်ရွက်ရန် ရှာဖွေရေးအရာရှိအား တာဝန်ပေးအပ်ရမည်၊

☐ **၂၃။** ရှာဖွေအမိန့်တွင် တာဝန်ပေးအပ်ခြင်းခံရသောရှာဖွေရေးအရာရှိသည် အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) ရှာဖွေအမိန့်ကို ကိုယ်တိုင်အတည်ပြုရမည်။ အခြားသူတစ်ဦးဦးကို ထပ်ဆင့်လွှဲအပ်ခြင်းမပြုရ၊

(ခ) ရှာဖွေအမိန့်ကို ထုတ်ဆင့်သည့်နေ့မှ (၇)ရက် အတွင်း အတည်ပြုရမည်၊

(ဂ) ရှာဖွေအမိန့်တွင် ပါရှိသည့်နေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုတွင် တွေ့ရှိသော ပြစ်မှု ကျူးလွန်ကြောင်းအထောက်အထားရှိသူများအား ဖမ်းဆီးရမည်၊

(ဃ) ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကို နည်းဥပဒေ ၂၆ နှင့်အညီ သက်သေခံပစ္စည်းအဖြစ်သိမ်း ဆည်းရမည်၊

(င) ရှာဖွေသည့်အချိန်မှ ၂၄နာရီ အတွင်း ရှာဖွေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှာဖွေ အမိန့်ထုတ်ပေးသူထံ စာဖြင့်အစီရင်ခံရမည်။

☐ ၂၄။ (က) ဆေးဝါးတစ်မျိုးမျိုးကို လူသို့မဟုတ် တိရစ္ဆာန်၏ ကိုယ်ခန္ဓာအတွင်းသို့ မျိုချ၍ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့် ဖြစ်စေ ထည့်သွင်း၍ သယ်ယူလာကြောင်း သတင်းရလျှင်သော်လည်းကောင်း၊ မသင်္ကာ လျှင်သော်လည်းကောင်း ရှာဖွေရေးအရာရှိသည် သက်ဆိုင်ရာရှာဖွေအမိန့်ထုတ်ပေးနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ ခွင့်ပြုချက်ရယူ၍ လိုအပ်ပါက ဓာတ်မှန်ရိုက်စေခြင်း၊ အခြားခေတ်မီ ပစ္စည်းကိရိယာ ဖြင့် စမ်းသပ်စေခြင်း၊ တွေ့ရှိပါက ရှာဖွေသိမ်းဆည်းခြင်းပြုနိုင်သည်၊

(ခ) နည်းဥပဒေခွဲ(က)အရ စမ်းသပ်ရာတွင် ဆေးဝါးတစ်မျိုးမျိုးကို ထည့်သွင်းသယ်ယူလာကြောင်း တွေ့ရှိပါက ရှာဖွေရေးအရာရှိသည် အဆိုပါ ဆေးဝါးကို လူကိုယ်ခန္ဓာပြင်ပသို့ ရောက်ရှိစေရန် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် ဆေးဝါးတိုက်ကျွေးပြီး ရှာဖွေသိမ်းဆည်းရမည်။ ဤသို့ ရှာဖွေသိမ်းဆည်းခြင်း မပြုနိုင်သည့် အပြင် ထိုသူအားအရေးပေါ် ခွဲစိတ်၍ ရှာဖွေသိမ်းဆည်းရန် လိုအပ် ပြီး ထိုသူကလည်း ခွဲစိတ်မှုခံယူရန် သဘောတူလျှင် အနီးဆုံးအစိုးရ ဆေးရုံတစ်ခုခုသို့ ပို့ဆောင်ရမည်။ သို့ရာတွင် တိရစ္ဆာန် ၏ ကိုယ်ခန္ဓာပြင်ပသို့ ရောက်ရှိစေရန် ယင်းကဲ့သို့ ဆောင်ရွက်ရန်မလို၊

(ဂ) ထိုသူသည် အရေးပေါ်ခွဲစိတ်မှု ခံယူရန် ငြင်းဆိုပါက ရှာဖွေရေးအရာရှိသည် သက်ဆိုင်ရာ မြို့နယ် တရားသူကြီး၏ ခွင့်ပြုမိန့်ဖြင့် အရေးပေါ် ခွဲစိတ်မှုခံယူစေရန်အနီးဆုံး အစိုးရဆေးရုံ တစ်ခုခုသို့ ပို့ဆောင် ရမည်၊

(ဃ) ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ အစိုးရဆေးရုံမှ ဆရာဝန် သည် အရေးပေါ်ခွဲစိတ်ရန် လိုအပ်လျှင် ကိုယ်ခန္ဓာအတွင်း သယ်ယူလာသူအား ခွဲစိတ်၍ ဆေးဝါးကို ထုတ် ယူပေးရမည်၊

(င) ရှာဖွေရေးအရာရှိသည် ကိုယ်ခန္ဓာအတွင်းသို့ ထည့်သွင်း သယ်ယူလာသော ဆေးဝါးကို နည်းဥပဒေ ၂၆ နှင့် အညီ သိမ်းဆည်းရမည်။

<ပြင်ဆင် 13.12.2023>

☐ ၂၅။ ရှာဖွေရေးအရာရှိသည် တစ်စုံတစ်ယောက်သောသူက သတင်းပေး၍ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းဖြစ်လျှင် မည်သူ၏ သတင်းပေးချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို သက်ဆိုင်ရာမိမိ အထက်အရာရှိထံသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ စာဖြင့် လျှို့ဝှက်အစီရင်ခံရမည်။

☐ ၂၆။ ပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ဝရမ်းကပ်ခြင်း၊ ချိပ်ပိတ်ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရှာဖွေရေးအရာရှိသည် တွေ့ရှိသည့် ဆေးဝါးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆေးဝါးများကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများကို သက်သေများရှေ့တွင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပြီး ချိန်တွယ်ရာတွင် ထုပ်ပိုးခွံမပါဘဲ အသားတင်အလေးချိန်ကိုသာ မှတ်သားဖော်ပြရမည်။ ထို့နောက် ယင်းသက်သေများရှေ့တွင် အဆိုပါဆေးဝါးများ၊ ဓာတုပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးအတွက် နမူနာထုတ်ယူရမည်၊

(ခ) ရှာဖွေရေးအရာရှိသည် ဓာတ်ခွဲစမ်းသပ်ရန် နမူနာ ထုတ်ယူပြီးနောက် ကျန်ရှိသည့်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် စပ်လျဉ်း၍ တရားရုံးသို့သက်သေခံ ပစ္စည်းအဖြစ် တင်ပြနိုင်ရေးအတွက် ထပ်မံ၍ နမူနာထုတ်ယူရမည်။ ထိုသို့ ထပ်မံ၍ နမူနာ ထုတ်ယူရာတွင် ဥပဒေပုဒ်မ ၂၆ အရ သတ်မှတ် ထားသော အလေးချိန်၊ ပမာဏ နှင့် အရေအတွက် မပြည့်မီပါက ကျန်ရှိသည့်ဆေးဝါးများ၊ ဓာတုပစ္စည်း များအားလုံးကို နမူနာထုတ်ယူရမည်။ ဥပဒေပုဒ်မ ၂၆ အရ သတ်မှတ်ထားသော အလေးချိန်၊ ပမာဏနှင့် အရေအတွက်ထက် ကျော်လွန်ပါက သတ်မှတ်ထားသည့် အလေးချိန်၊ ပမာဏနှင့် အရေအတွက်ပြည့်မီ စေရန် နမူနာထုတ်ယူရမည်၊

(ဂ) ရှာဖွေရေးအရာရှိသည် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ သိမ်းဆည်းထားသည့် အဆိုပါဆေးဝါး များ၊ ဓာတုဗေဒပစ္စည်းများနှင့် နမူနာများကို ထိုသက်သေများရှေ့တွင် ထုပ်ပိုးပြီး ပြင်ဆင်ပြောင်းလဲခြင်း မပြုနိုင်ရန် ချိပ် သို့မဟုတ် အမှတ်အသား တံဆိပ်ဖြင့် ပိတ်၍ ရှာဖွေဖမ်းဆီးရေး အရာရှိနှင့် သက်သေ များက လက်မှတ် ရေးထိုးရမည်၊

(ဃ) ရှာဖွေရေးအရာရှိသည် ပြစ်မှုနှင့်သက်ဆိုင်သည့်ငွေကြေးများ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ ယာဉ်များနှင့် တိရစ္ဆာန်များကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမည်၊

(င) ရှာဖွေရေးအရာရှိသည် ဥပဒေပုဒ်မ၁၉ နှင့် ပုဒ်မ ၂၀ပါ ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) နှင့် (ဃ) အရ ပြစ်မှု နှင့်သက်ဆိုင်သော ငွေကြေး၊ ပစ္စည်းနှင့်အကျိုးအမြတ်များကိုဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ လွှဲပြောင်း ခြင်း၊ အသွင်ပြောင်းလဲခြင်း တစ်ရပ်ရပ်ကြောင့် ရရှိလာသော ငွေကြေး၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အကျိုးအမြတ်များကိုလည်းကောင်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် စစ်ဆေး တွေ့ရှိချက် အကျဉ်းနှင့် အစီရင်ခံစာကို မိမိဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲမှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင် ပြရမည်၊

(စ) ရှာဖွေရေးအရာရှိသည် နည်းဥပဒေခွဲ(င)အရ တင်ပြသည့်အပြင် ဥပဒေပုဒ်မ ၁၉ နှင့်ပုဒ်မ ၂၀ ပါ ပြစ်မှုတစ်ခုခု နှင့်သက်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ဗဟိုအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ဝရမ်းကပ်ထားသင့်ပါက ဝရမ်းကပ်အမိန့်ကို လည်းကောင်း၊ ဝရမ်းကပ်ပြီး တစ်ပါတည်း ချိတ်ပိတ်ထားသင့်ကြောင်း တွေ့ရှိပါက ချိပ်ပိတ်အမိန့်ကို လည်းကောင်း ထုတ်ပေးရန် မိမိဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲမှ တစ်ဆင့် ဗဟိုအဖွဲ့သို့ အစီရင်ခံစာတင်ပြရမည်၊

(ဆ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (င) နှင့် (စ) အရ တင်ပြချက်ကို နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ စိစစ်ပြီး ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါကရှာဖွေရေးအရာရှိအား ခွင့်ပြုမိန့်ထုတ်ပေးရမည်။ ခွင့်မပြု သင့်ကြောင်း တွေ့ရှိပါက ခွင့်မပြုကြောင်း ရှာဖွေရေးအရာရှိအား အကြောင်းကြားရမည်၊

(ဇ) ရှာဖွေရေးအရာရှိသည် ဝရမ်းကပ်အမိန့်သို့မဟုတ် ချိပ်ပိတ်အမိန့်ကို ပစ္စည်းတည်ရှိသည့်နေရာ၌ အများမြင်သာသော နေရာတွင် ကပ်ထားရမည့်အပြင် သက်ဆိုင်ရာမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ကပ်ထားရမည်၊

(ဈ) ပြစ်မှုကျူးလွန်သူကဖြစ်စေ၊ နစ်နာသူကဖြစ်စေ ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း နှင့်စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထား တင်ပြ၍ အမှုအတောအတွင်း ခံဝန်ဖြင့် ပြန်လည်ပေးအပ် ထားရန် လျှောက်ထားလာလျှင် ဗဟိုအဖွဲ့သည် လုံလောက်သော ခံဝန်ချုပ်ကို ချုပ်ဆိုစေပြီး ချိပ်ပိတ်ထား သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပြန်လည်ပေးအပ်နိုင်သည်၊

(ည) ဝရမ်းကပ်အမိန့်ထုတ်ဆင့်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းသို့မဟုတ် သူတစ်ပါး အား နေထိုင်ခွင့် ပေးခြင်းမပြုရ၊

(ဋ) ချိပ်ပိတ်အမိန့်ထုတ်ဆင့်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ခံဝန်ဖြင့်ပြန်လည် ပေးအပ်ထားခြင်း မပြုပါက ရှာဖွေရေးအရာရှိသည် ထိုပစ္စည်းတွင် နေထိုင်သူများအား ဖယ်ရှားပြီး သော့ခတ်၍ ချိပ်ပိတ်သိမ်းဆည်းထားရမည်၊

(ဌ) ဗဟိုအဖွဲ့သည် ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား လုံခြုံစွာထိန်းသိမ်းထားရန် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးအား တာဝန်ပေးအပ်ရမည်၊

(ဍ) ဗဟိုအဖွဲ့သည် ဤနည်းဥပဒေ ၂၆ပါမိမိ၏ လုပ်ငန်းတာဝန်များကို အချိန်မီ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဗဟိုအတွင်းရေးမှူးအား လွှဲအပ်တာဝန်ပေးနိုင်သည်။ ဗဟိုအဖွဲ့ အတွင်းရေးမှူးသည် ယင်းကဲ့သို့ တာဝန်ပေးအပ်ချက်အရ မိမိ၏ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ဗဟိုအဖွဲ့အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

(ဎ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ငွေကြေးခဝါချမှုနှင့် စပ်လျဉ်း၍ စိစစ်ဖော်ထုတ်ရန်လိုအပ်ပါက ဗဟိုအဖွဲ့နှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြရမည်၊

(ဏ) နည်းဥပဒေခွဲ (ဎ) အရ စိစစ်ဖော်ထုတ်သိမ်းဆည်းရမိသော ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများသည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်ခြင်းမရှိပါက ဥပဒေပုဒ်မ ၂၄ နှင့်အညီ ဆောင်ရွက်နိုင်ရန် တရားစွဲအဖွဲ့အစည်းကသက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

<ပြင်ဆင် 13.12.2023>

☐ ၂၇။ ရှာဖွေဖမ်းဆီးရာတွင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့်ဆေးဝါးများနှင့် ပြစ်မှုနှင့်သက်ဆိုင် သော ပစ္စည်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရှာဖွေရေးအရာရှိသည် ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်ပြီး သိမ်းဆည်းရမိသည့် ဆေးဝါးများနှင့် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ရဲစခန်းမှူးထံ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ စနစ်တကျလွှဲအပ်ရမည်၊

(ခ) ရဲစခန်းမှူးသည် မိမိထံအပ်နှံသည့် ဆေးဝါးများ၊ ဓာတုဗေဒ ပစ္စည်းများနှင့်စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ်ရန် နမူနာပစ္စည်းကို ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဓာတ်ခွဲစမ်းသပ်ရန် ပေးပို့ရမည်။ တရားရုံးသို့တင်ပြရမည့် သက်သေခံ နမူနာပစ္စည်းကို အမှုမပြီးဆုံးမီအတွင်း လုံခြုံစွာ သိမ်းဆည်းထားရမည်၊

(ဂ) ရဲစခန်းမှူးသည် နမူနာ ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများမှအပ ကျန်ရှိသည့် ဆေးဝါးများနှင့် ဓာတုဗေဒပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ မှုခင်းရဲတပ်ဖွဲ့သို့ ပေးပို့အပ်နှံရမည်၊

(ဃ) ရဲစခန်းမှူးသည် တရားစွဲဆိုတင်ပို့သည့်အခါ သိမ်းဆည်းထားသော သက်သေခံပစ္စည်းတွင် တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူသော ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တင်ပြရမည်။ တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ထိုပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန်မလိုဘဲ မည်သည့်အတွက် တင်ပို့ရန် မလွယ်ကူကြောင်းဖော်ပြပြီး မည်သည့်နေရာတွင် မည်သို့ထိန်းသိမ်း ထားကြောင်း အစီရင်ခံစာနှင့် အတူ ပစ္စည်းရှာဖွေသည့် စာရင်းနှင့် အခြားလိုအပ်သော စာရွက်စာတမ်း အထောက်အထားများ၊ ဓာတ်ပုံများဖြင့် တင်ပြနိုင်သည်၊

(င) တရားရုံးသို့ သက်သေခံပစ္စည်းအဖြစ် တင်ပြနိုင်ရေးအတွက် နည်းဥပဒေ ၂၆ နည်းဥပဒေခွဲ (ခ) အရ ပြစ်မှုနှင့်သက်ဆိုင်သည့် ဆေးဝါးများ၊ ဓာတုဗေဒ ပစ္စည်းများကို နမူနာထုတ်ယူထားပါက တရားရုံးတွင် အမှုစစ်ဆေးသည့်အခါ ယင်းနမူနာကို တရားရုံးက သက်သေခံပစ္စည်းအဖြစ် တင်ပြရန် ဆင့်ဆိုသည့်အခါ တင်ပြရမည်။ တရားရုံးက ယင်းနမူနာကို ဖွင့်ဖောက်စစ်ဆေးကြည့်ရှုလျှင် တရားရုံးရှေ့၌ပင် တရားရုံး နှင့် သက်ဆိုင်ရာ ရဲစခန်းတို့၏ ချိပ် သို့မဟုတ် အမှတ်အသားတံဆိပ်ပိတ်၍ လက်မှတ် ရေးထိုးပြီး ပြန်လည်သိမ်းဆည်းထားရမည်၊

(စ) တရားစွဲဆိုတင်ပို့သည့် အမှုတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်သေခံပစ္စည်း ဖြစ်သည့် ဆေးဝါးများနှင့် ပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းများကို သက်ဆိုင်ရာ တရားရုံးကချမှတ်သော အပြီးသတ်ဆုံးဖြတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

<ပြင်ဆင် 13.12.2023>

☐ ၂၈။ တပ်မတော်က စစ်ဆင်ရေးတာဝန် ဆောင်ရွက်နေစဉ် ပြစ်မှုတစ်ခုခုကို ကျူးလွန်သူများအား တွေ့ရှိ လျှင် သက်ဆိုင်ရာ စစ်ကြောင်းမှူးသည် ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့် သက်ဆိုင်သည့် ဆေးဝါး၊ ဓာတုဗေဒ ပစ္စည်း၊ ကိရိယာ၊ ငွေကြေး၊ ပစ္စည်း၊ ယာဉ်နှင့် တိရစ္ဆာန်များကို သိမ်းဆည်းခြင်း ပြုနိုင်သည်။ ဖမ်းဆီး ခြင်းခံရသူများနှင့် သက်သေခံပစ္စည်းများကို နေ့စဉ်အခြေအနေ အစီရင်ခံစာ (Daily Situation Report) ကောက်နုတ်ချက် မိတ္တူမှန်နှင့်အတူ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အနီးဆုံးမြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းသို့ စနစ်တကျလွှဲအပ်ရမည်။

<ပြင်ဆင် 13.12.2023>

☐ ၂၉။ ရှာဖွေရာတွင်ပိုင်ရှင်မပေါ်သည့် ဆေးဝါးများ၊ ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရှာဖွေရေးအရာရှိသည် ပိုင်ရှင်မပေါ်သည့်ဆေးဝါးများ၊ ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို တွေ့ရှိလျှင်ရဲစခန်း၌ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ပြစ်မှုကျူး လွန်သူအား ဖော်ထုတ်နိုင်ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်စုံစမ်း စစ်ဆေးဖော်ထုတ်သော်လည်း ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်နိုင်ခြင်း မရှိလျှင် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် စုံထောက်မရမှုအဖြစ် ပိတ်သိမ်းခွင့်ပြုရန် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်၊

(ခ) မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပိုင်ရှင်မပေါ်သည့် ပစ္စည်းအဖြစ် သိမ်းဆည်းသောပစ္စည်းသည် ပျက်စီးလွယ်သည့် ပစ္စည်းဖြစ်လျှင်သော်လည်းကောင်း၊ ထိန်းသိမ်းထားရာတွင် ခက်ခဲပြီး စရိတ်ကုန်ကျမှု များပြားလာလျှင် သော်လည်းကောင်း တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခွင့်ပြုရန် သက်ဆိုင်ရာမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ တင်ပြပြီး ယင်းအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်၊

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပိုင်ရှင်မပေါ်သည့် ပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုနှင့် မသက်ဆိုင်သူက ခိုင်လုံသော အထောက်အထားဖြင့် တင်ပြတောင်းခံလာလျှင် စိစစ်ပြီး တွေ့ရှိချက်နှင့်အတူ သက်ဆိုင်ရာမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ တင်ပြပြီး ယင်းအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်၊

(ဃ) မြို့နယ်ရဲတပ်ဖွဲ့မှူးသည် စုံထောက်မရမှုအဖြစ် ပိတ်သိမ်းသည့်အမှုနှင့် စပ်လျဉ်းသော ပိုင်ရှင်မပေါ်သည့် ဆေးဝါးများ၊ ပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးနှင့် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲရေးတို့အတွက် သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သို့ တင်ပြရမည်၊

(င) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေး အဖွဲ့သည် နည်းဥပဒေခွဲ (ဃ) အရ တင်ပြချက်ကို စိစစ်ပြီး အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(၁) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသင့်သော ဆေးဝါးများနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ဆေးဝါးများကို စီမံခန့်ခွဲရန် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့သို့ ပေးပို့ခြင်းနှင့် အသုံးပြုနိုင်သော ပစ္စည်းများကို ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

(၂) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းရန် မသင့်သော ပစ္စည်းများကိုဖျက်ဆီးခွင့်ပြုခြင်း၊

(၃) ပျက်စီးလွယ်သည့် ပစ္စည်းနှင့် ထိန်းသိမ်းထားရာတွင် ခက်ခဲပြီး စရိတ်ကုန်ကျမှုများပြားလာသည့် ပစ္စည်းများကို ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ နည်းလမ်းတကျ လေလံတင်ရောင်းချစေခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း။

<ပြင်ဆင် 13.12.2023>

☐ ၃၀။ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့် ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ သို့ရာတွင် လုံခြုံရေးအရ စိုးရိမ်ဖွယ်ရာ အခြေအနေရှိပါက ရှာဖွေရေးအရာရှိသည် သက်သေခံပစ္စည်းများကို ချိန်တွယ်ချိပ်ပိတ်ထုပ်ပိုးခြင်းနှင့် စပ်လျဉ်း၍ လုံခြုံစိတ်ချရသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရသည့်အခြေအနေကို ရှာဖွေရေး အရာရှိက ရှာဖွေပုံစံတွင် ကျိုးကြောင်းဖော်ပြရမည့်အပြင် အထက်ဌာနသို့ ပြန်လည်အစီရင်ခံတင်ပြရမည်။

<ပြင်ဆင် 13.12.2023>

☐ ၃၁။ ဤနည်းဥပဒေအရ ရှာဖွေဖမ်းဆီးပိုင်ခွင့် ရှိသူသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် သက်ဆိုင်ရာ ဥပဒေအရအရေးယူခြင်းခံရမည်-

(က) ပြစ်မှုတစ်ခုခု ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းမရှိသည့်အပြင် ရှာဖွေအမိန့်မပါဘဲ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုကို ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊ ဝင်ရောက်စေခြင်း သို့မဟုတ် ရှာဖွေစေခြင်း၊

(ခ) ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရမည့် ဆေးဝါးတစ်ခုခု သို့မဟုတ် အခြားဝတ္ထုတစ်ခုခုကို ရှာဖွေရန် သို့မဟုတ် သိမ်းဆည်းရန် အကြောင်းပြု၍ လူတစ်ဦးဦး၏ ပစ္စည်းကို မလိုအပ်ဘဲ နှောင့်ယှက်သည့် သဘောဖြင့်ရှာဖွေခြင်း သို့မဟုတ် သိမ်းဆည်းခြင်း၊

(ဂ) ပြစ်မှုတစ်ခုခု ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းမရှိသည့် လူတစ်ဦးဦးအား မလိုအပ်ဘဲ နှောင့်ယှက်သည့် သဘောဖြင့်ဆိုင်းငံ့ခြင်း၊ ရှာဖွေခြင်း၊

(ဃ) ပြစ်မှုတစ်ခုခု ကျူးလွန်ကြောင်း အထောက်အထားမရှိဘဲ လူတစ်ဦးဦးအား နစ်နာစေရန်အကြံဖြင့် တမင်ဖမ်းဆီးခြင်း။

**အခန်း(၅)**

**ပြစ်မှုကို နောက်ကွယ်မှ အဓိကကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်းနှင့် အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် နည်းလမ်းများ**

☐ ၃၂။ ဗဟိုအဖွဲ့သည် ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး၊ ဆေးဝါးများနှင့် ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများကို နယ်စပ်ဒေသဖြတ်ကျော်၍ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ကို တိုက်ဖျက်ရေး၊ နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးနှင့် သုံးစွဲမှုလျော့နည်း ပပျောက်စေရေးနှင့် စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်များချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်ပျိုး မှု ပပျောက်စေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံမှ ချုပ်ဆိုထားသောသဘောတူစာချုပ် များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ ကွန်ဗင်းရှင်းဝင်နိုင်ငံ များ၊ အိမ်နီးချင်း နိုင်ငံများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၃၃။ ဗဟိုအဖွဲ့သည် ဆေးဝါးများကို အမြောက်အမြား ဖမ်းဆီးနိုင်ရေးနှင့် ပြစ်မှုကို နောက်ကွယ်မှ အဓိက ကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်း၊ အုပ်စုဝင်များကို ဖော်ထုတ် ဖမ်းဆီးနိုင်ရန် အောက်ပါနည်း လမ်းများကို ကျင့်သုံးရာ၌ အထူးကုန်ကျမည့် အသုံးစရိတ်များအတွက် အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျခံသုံးစွဲနိုင်သည်-

(က) ငွေကြေးနှင့် ပစ္စည်းများကို စိုက်ထုတ်၍ ဖော်ထုတ်ဖမ်းဆီးခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊

(ဂ) လျှို့ဝှက်အမာခံ သတင်းပေးအားအသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်း။

(ဃ) လျှို့ဝှက်အမာခံသတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း။

<ပြင်ဆင် 13.12.2023>

၃၄။ ငွေကြေးနှင့် ပစ္စည်းများကို စိုက်ထုတ်၍ ဖော်ထုတ်ဖမ်းဆီးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရ မည်-

(က) နေပြည်တော် ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးကဖြစ်စေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ကဖြစ်စေ အဆိုပါ လုပ်ငန်းတာဝန်ကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မှုခင်းတစ်ခုချင်းအလိုက် စီမံချက်များရေးဆွဲ၍ တားဆီး နှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ လျှို့ဝှက်အဆင့် သတ်မှတ်၍ တင်ပြရမည်၊

(ခ) တားဆီး နှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြချက် အပေါ် ကိစ္စရပ်တစ် ခုချင်းအလိုက် စိစစ်ပြီး ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက စီမံချက် အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဂ) အဆိုပါ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ထုတ်၍ သုံးစွဲထားသည့် ငွေကြေးများနှင့် အခြားပစ္စည်းများဆုံးရှုံးခြင်း၊ လျော့နည်းခြင်း၊ ပျောက်ပျက်ခြင်း မရှိစေရန် စီမံချက်အကောင်အထည်ဖော်ရေးအဖွဲ့ ခေါင်းဆောင်အရာရှိက ကြီးကြပ်၍ တာဝန်ယူ ဆောင်ရွက်ရမည်၊

(ဃ) စီမံချက်အကောင်အထည်ဖော်ရေးအဖွဲ့ ခေါင်းဆောင်အရာရှိသည် စီမံချက်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာ၌ ပြန်လည်၍ ရှာဖွေသိမ်းဆည်းရမိသော စိုက်ထုတ်ထားသည့် ငွေကြေးနှင့် ပစ္စည်းများ၏ စာရင်းနှင့် အစီရင်ခံစာကို တားဆီး နှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမည်၊

(င) ငွေကြေးနှင့် ပစ္စည်းများစိုက်ထုတ်၍ ဖော်ထုတ်ဖမ်းဆီးသောပြစ်မှုကို တရားရုံးသို့စွဲဆိုတင်ပို့သည့် အခါ စီမံချက်အကောင်အထည်ဖော်ရေးအဖွဲ့ ခေါင်းဆောင်အရာရှိသည် ပြန်လည်၍ ရှာဖွေသိမ်းဆည်း ရမိသောစိုက်ထုတ်ထားသည့် ငွေကြေးနှင့် ပစ္စည်းများနှင့်အတူ တားဆီး နှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြခဲ့သော အဆိုပါငွေကြေးနှင့် ပစ္စည်းများ၏စာရင်းကို တရားရုံးသို့တင်ပြပြီး အမှုအတောအတွင်း ပြန်လည်ထုတ်ပေးထားရန် လျှောက်ထား နိုင်သည်၊

(စ) နည်းဥပဒေခွဲ(င) အရ လျှောက်ထားချက်အပေါ် တရားရုံးသည် တင်ပြသည့်အထောက်အထားများ နှင့်အဆိုပါ ငွေကြေးနှင့်ပစ္စည်းများကို တိုက်ဆိုင်စစ်ဆေး ပြီးစိုက်ထုတ်၍ ဖော်ထုတ်ဖမ်းဆီးခြင်းဖြစ်ကြောင်း တွေ့ရှိပါက ပြန်လည်ထုတ်ပေးထားရမည်။

<ပြင်ဆင် 13.12.2023>

၃၅။ ရှာဖွေရေးအရာရှိများသည် ပြစ်မှုကိုနောက်ကွယ်မှ အဓိကကျူးလွန်သူများ ပြည်တွင်းပြည်ပဂိုဏ်းနှင့် အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးအား အသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ခွင့်ပြုချက်ဖြင့် အစီအစဉ်များချမှတ်၍ ဆောင်ရွက်ရမည်။

<ပြင်ဆင် 13.12.2023>

၃၅-က။ (က) ရှာဖွေရေးအရာရှိ သို့မဟုတ် အမှုစစ်အရာရှိသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ တယ်လီဖုန်းဆက်သွယ်မှု မှတ်တမ်းများ တောင်းခံရန် သတ်မှတ်ထားသည့်အတိုင်း ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ဗဟိုအဖွဲ့သည် တောင်းခံချက်အပေါ် စိစစ်၍ ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ ဆက်သွယ်မှုမှတ်တမ်းများကိုထုတ်ပေးရန် သက်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းသို့ အမိန့်ထုတ်ဆင့်နိုင်သည်။ အမိန့်စာမိတ္တူကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ သိသာရန် ပေးပို့ရမည်။

(ဂ) ဗဟိုအဖွဲ့၏ အမိန့်ရရှိသည့်အခါ သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ ဆက်သွယ်မှု မှတ်တမ်းများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ကြည့်ရှုစစ်ဆေးခွင့်နှင့် မိတ္တူကူးယူခွင့်ပြုရမည်။

<ပြင်ဆင် 13.12.2023>

၃၅-ခ။ (က) ပြစ်မှုကို အဓိကကျူးလွန်သူကိုဖြစ်စေ၊ ပြည်တွင်းပြည်ပရှိအဖွဲ့နှင့် အုပ်စုဝင်များကိုဖြစ်စေ၊ ကွင်းဆက်ကျူးလွန်သူကိုဖြစ်စေ ဖော်ထုတ်ဖမ်းဆီးရေးအတွက် ထိန်းချုပ်သယ်ဆောင် ခြင်းနည်းလမ်းကိုအသုံးပြုရန် လိုအပ်ပါက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး သို့မဟုတ် နေပြည်တော် ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့တင်ပြ၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ထိန်းချုပ်သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူအားလိုအပ်ပါက ပြစ်မှုတွင် အစိုးရသက်သေအဖြစ် ထည့်သွင်းနိုင်ရေးအတွက် တည်ဆဲဥပဒေများ နှင့်အညီ ဆောင်ရွက်ရန် စိစစ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 13.12.2023>

## အခန်း(၆)

## ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်း

၃၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေး မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်း နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရှာဖွေရေးအရာရှိသည် ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးမှတ်တမ်းများကို စစ်ဆေး ကြည့် ရှုရန်၊ မိတ္တူကူးရန်နှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန် လိုအပ်လျှင် အောက်ပါ အချက်အလက် များကို ဖော်ပြပြီး အထက်အရာရှိမှ တစ်ဆင့် ဗဟိုအဖွဲ့ထံသို့ လျှို့ဝှက်တင် ပြရမည်-

(၁) စုံစမ်းဖော်ထုတ်ချက်အရ သိရှိသော ကျူးလွန်သည့် ပြစ်မှုအကျဉ်းချုပ်၊

(၂) ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိချက် အထောက်အထား၊

(၃) ဆောင်ရွက်လိုသည့်ကိစ္စနှင့် ဆောင်ရွက်မည့်အချိန်ကာလ၊

(၄) ဆောင်ရွက်လိုသည့် ဘဏ်သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်း၏ အမည်နှင့်လိပ်စာ၊

(၅) ဆောင်ရွက်မည့် ရှာဖွေဖမ်းဆီးရေးဌာန၊ အဖွဲ့အစည်းမှ အရာရှိအမည်နှင့် ရာထူး၊

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ် ပြီး-

(၁)သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများက ပြစ်မှုနှင့် သက်ဆိုင်သော ငွေကြေး၊ ပစ္စည်းအကျိုးအမြတ်များ၊ ဗဟိုအဖွဲ့၏ အမိန့်မရဘဲ ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း မပြုရေးအတွက် လိုအပ်သလို ညွှန်ကြားနိုင်ရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဥက္ကဋ္ဌ သို့မဟုတ် ဦးဆောင် ညွှန်ကြားရေးမှူးကိုလည်းကောင်း၊ နိုင်ငံခြားတွင် တည်ထောင်သော ဘဏ်၏ ဘဏ်ခွဲဖြစ်ပါက ယင်းဘဏ်ခွဲ၏ တာဝန်ခံအရာရှိကိုလည်းကောင်း အသိပေးပြီး သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ တာဝန်ရှိသူ မန်နေဂျာအား အမိန့်ထုတ်ဆင့်ညွှန်ကြားနိုင်သည်။ ယင်းအမိန့်မိတ္တူကို ဗဟိုဘဏ်သို့ သိသာရန်ပေးပို့ရမည်၊

(၂) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို သက်ဆိုင်ရာ ရှာဖွေဖမ်းဆီးရေး အရာရှိအား စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ သက်သေခံပစ္စည်း သိမ်းဆည်းခွင့်ပြုရန် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဥက္ကဋ္ဌ သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးကိုလည်းကောင်း၊ နိုင်ငံခြားတွင် တည်ထောင်သောဘဏ်၏ ဘဏ်ခွဲဖြစ်ပါက ယင်းဘဏ်ခွဲ၏ တာဝန်ခံအရာရှိကိုလည်းကောင်း အသိပေးပြီး သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ တာဝန်ရှိသူ မန်နေဂျာအား အမိန့်ထုတ်ဆင့်ညွှန်ကြားနိုင်သည်။ ယင်းအမိန့်မိတ္တူကို ဗဟိုဘဏ်သို့ သိသာရန် ပေးပို့ရမည်။

(ဂ) ရှာဖွေရေးအရာရှိသည် ဗဟိုအဖွဲ့မှထုတ်ဆင့်ညွှန်ကြားသော အမိန့်နှင့်အညီ ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေ ရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ ယင်းမိတ္တူများကို ပစ္စည်းရှာဖွေသည့်စာရင်းဖြင့် သိမ်းဆည်းခြင်း၊ ပြစ်မှုကျူးလွန်သူက အပ်နှံထားသောငွေနှင့် ပစ္စည်းများ ကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်၊

(ဃ) ရှာဖွေရေးအရာရှိသည် သိမ်းဆည်းသည့်ငွေကြေးများ၊ ကျောက်မျက်ရတနာများကို တရားရုံးသို့ တရားစွဲဆို မတင်ပို့မီ သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသို့ စနစ်တကျ ပြန်လည်အပ် နှံထားရမည်။ ထိုသို့အပ်နှံသည်ကို ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမှလက်ခံထိန်းသိမ်းထားရမည်။

<ပြင်ဆင် 13.12.2023>

၃၇။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များနှင့် စပ်လျဉ်း၍-

(က) ဗဟိုအဖွဲ့က ထုတ်ဆင့်သော အမိန့်နှင့်အညီ ရှာဖွေရေးအရာရှိအား ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ ပြစ်မှုကျူး လွန်သူက အပ်နှံထားသော ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရမည်၊

(ခ) တရားရုံးသို့ တရားစွဲဆိုမတင်ပို့မီ ဗဟိုအဖွဲ့၏ ခွင့်ပြုချက် သို့မဟုတ် ရုံးတင်တရားစွဲဆိုထားသည့် အမှုများ၌ သက်ဆိုင်ရာ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း မပြုရ။

## အခန်း(၇)
## ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်း

၃၈။ ဗဟိုအဖွဲ့သည် ဆေးဝါးများနှင့် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဓာတ်ခွဲစမ်းသပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက သင့်တော် သည့် ဒေသများတွင် ဓာတ်ခွဲစမ်းသပ် စစ်ဆေးရေးဌာနများကို တိုးချဲ့၍ ဖွဲ့စည်းတည်ထောင်နိုင်ရန် ညှိနှိုင်းရမည်။

၃၉။ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့်ဆေးဝါးများနှင့် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အမှုစစ်အရာရှိသည် ရှာဖွေရေးအရာရှိက ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် ထုပ်ပိုးထားသည့် နမူနာအထုပ်ကို ရှာဖွေရေးအရာရှိရှေ့တွင် အပြင်မှထပ်၍ ထုပ်ပိုးပြီး အမှုစစ်အရာရှိနှင့် ရဲစခန်းမှူးတို့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ သတ်မှတ်ထားသော တရားဝင်ချိပ် သို့မဟုတ် အမှတ်အသားတံဆိပ်ဖြင့်ပိတ်၍ လက်မှတ်ရေးထိုးရမည်။ ထပ်၍ထုပ်ပိုးသည့်အထုပ်တွင် မည်သည့်အရာဝတ္ထုများပါရှိကြောင်းကို အထုပ်ပေါ်တွင်ဖော်ပြရမည်၊

(ခ) အမှုစစ်အရာရှိသည် ထပ်၍ထုပ်ပိုးသည့် နမူနာအထုပ်နှင့်အတူ အမှာစာကို စာအိတ်ဖြင့်ထည့်ပြီး သတ်မှတ်ထားသော ချိပ် သို့မဟုတ် အမှတ်အသားတံဆိပ်ဖြင့်ပိတ်၍ လက်မှတ်ရေးထိုး ထားရမည်။ အမှာစာတွင် သွားရောက်ပို့အပ်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၏ အမည်နှင့်ရာထူးကိုဖော်ပြရမည်။

(ဂ) ဓာတုဗေဒစစ်ဆေးရေးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီး ပြန်လည်ပေးပို့သော ချိပ်ပိတ်ထားသည့် သက်သေခံပစ္စည်းများကို အကြောင်းကိစ္စတစ်ခုခုကြောင့် ဖွင့်ဖောက်စစ်ဆေးရန် လိုအပ်ပါက သက်ဆိုင်ရာရဲစခန်းမှူးသည် ဓာတုဗေဒစစ်ဆေးရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖွင့်ဖောက်စစ်ဆေး၍ တွေ့ရှိသည့်အခြေအနေကို မှတ်တမ်းတင်ပြီး ဖွင့်ဖောက်စစ်ဆေးရာတွင် ပါဝင်သူများက လက်မှတ်ရေးထိုးရမည်။

<ပြင်ဆင် 13.12.2023>

၄၀။ ဆေးဝါးသုံးစွဲခြင်း ရှိ မရှိ ပဏာမစစ်ဆေးခြင်းနှင့် ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ စစ်ဆေးရမည်။

<ပြင်ဆင် 13.12.2023>

၄၁။ (က) ရဲစခန်းမှူးသည် စာအိတ်ဖြင့် ထည့်ထားသော ဆေးဝါးသို့မဟုတ် ဓာတုဗေဒ ပစ္စည်းအထုပ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်ထားသော ဓာတ်ခွဲစမ်းသပ် စစ်ဆေးရေးဌာနသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦးဦးအား နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲ စေလွှတ်၍ ပေးပို့ရမည်၊

(ခ) ပယ်ဖျက်

<ပြင်ဆင် 13.12.2023>

၄၂။ (က) ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့သူသည် ဆေးဝါး၊ ဓာတုပစ္စည်းနှင့် အမှာစာပါ စာအိတ်တို့ကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူထံသို့ စနစ်တကျ လုံခြုံစွာ ပို့ဆောင်ပေးအပ်ရမည်၊

(ခ) ဓာတ်ခွဲစမ်းသပ် စစ်ဆေးရေးဌာနမှ တာဝန်ရှိသူသည် ပေးပို့လာသည့် အမှာစာ စာအိတ်နှင့်အတူ ဓာတ်ခွဲစမ်းသပ်ရမည့် နမူနာပစ္စည်းတို့ပါ သတ်မှတ်ထားသော ချိပ်သို့မဟုတ် အမှတ်အသားတံဆိပ်နှင့် လက်မှတ်များ မှန်မမှန်၊ အနေအထား ပျက်မပျက် လာရောက်ပို့အပ်ရန် စေလွှတ်ခံရသူကိုယ်တိုင် ပေးပို့ခြင်း ဟုတ်မဟုတ်နှင့် စမ်းသပ်ရန်ပေးပို့သည့် ပစ္စည်းမှန် မမှန်တို့ကို စစ်ဆေးရမည်။ ထိုသို့စစ်ဆေး ရာတွင် မှန်ကန်မှုမရှိလျှင်ဖြစ်စေ၊ စမ်းသပ်ရန်ပေးပို့သည့် နမူနာအထုပ်မှာ အနေအထား ပျက်နေလျှင် ဖြစ်စေ လက်မခံဘဲပြန်ပို့ပြီး သီးခြားစာဖြင့် အကြောင်းပြန်ကြားရမည်။ ထို့ပြင် မည်သည့်အတွက် လက်မခံဘဲ ပြန်ပို့ရကြောင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် နှင့် သက်ဆိုင်လျှင် ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ဖြစ်စေ၊ ကျန်းမာရေး ဝန်ထမ်းနှင့် သက်ဆိုင်လျှင် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနသို့ဖြစ်စေ အစီရင်ခံရ မည်။ ဤသို့ ဆောင်ရွက်ချက်များကို မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားရမည်၊

(ဂ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူသည် လက်ခံရရှိသော အမှာစာနှင့် စမ်းသပ် စစ်ဆေးရမည့်အထုပ်သို့မဟုတ် ပုလင်းမှာမှန်ကန်ပြီးအနေအထားပျက်ကြောင်း မတွေ့ရှိပါက မိမိကိုယ်တိုင် လျှို့ဝှက်အမှတ်တပ်၍ ဓာတ်ခွဲစမ်းသပ် စစ်ဆေးမည့် ဝန်ထမ်းအား စမ်းသပ်စစ်ဆေးစေရမည်၊

(ဃ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက် မှတ်တမ်းစာအုပ်တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနမှ တာဝန်ရှိ သူနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသူ ဝန်ထမ်းတို့သည် စစ်ဆေးတွေ့ရှိချက်ကို လက်မှတ်ရေးထိုး၍ မှတ်တမ်းတင်ထားရမည်၊

(င) ဓာတ်ခွဲစမ်းသပ် စစ်ဆေးရေးဌာနမှ တာဝန်ရှိသူသည် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီးနောက် စစ်ဆေး တွေ့ရှိချက် ပြန်ကြားစာကို ၁၄ရက်ထက် နောက်မကျစေဘဲ ပေးပို့ရမည်။

<ပြင်ဆင် 13.12.2023>

၄၃။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနများဖြစ်သည့် မှုခင်းရဲတပ်ဖွဲ့မှူးရုံးမှ လည်းကောင်း၊ ဓာတုဗေဒဝန်ရုံးမှ လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက တိုးချဲ့၍ ဖွဲ့စည်းတည်ထောင်ထားသော ဓာတ်ခွဲစမ်းသပ်ရေးဌာနမှ လည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့် ပြန်ကြားချက်ကို ရရှိသည့်အခါ ယင်းပြန်ကြားချက်မူရင်းကို သက်ဆိုင်ရာတရားရုံး၏ အမှုတွဲတွင် သက်သေခံအဖြစ် တင်ပြရမည်။ ယင်းပြန်ကြားချက်သည် တရားဝင် သက်သေခံချက်ဖြစ်သည်။

<ပြင်ဆင် 13.12.2023>

## အခန်း(၈)
## ထုတ်လုပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း

☐ ၄၄။ (က) မည်သည့်လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်မဆို ကျန်းမာရေးကိစ္စအတွက် ဆေးဝါး ဖော်စပ်ရန် သို့မဟုတ် ဆေးကုသရန်အလို့ငှာ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော တားမြစ်ထားသည့် ဆေးဝါးများမှအပ အခြားဆေးဝါးများကို ဖြစ်စေ၊ ယင်းဆေးဝါးများ ဖြင့် ဖော်စပ်ထားသော ဆေးဝါးကိုဖြစ်စေ ထုတ်လုပ်လိုလျှင် သို့မဟုတ် သုတေသန ပြုလုပ်လိုလျှင် ခွင့်ပြုချက် ရရှိရန် ပုံစံ(၅)ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) အဆိုပါ ဆေးဝါးများကို ထုတ်လုပ်လိုသည့်လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် နည်း ဥပဒေခွဲ (က) အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားခြင်း မပြုမီ အမျိုးသားဆေးဝါးဥပဒေ အရ မှတ်ပုံတင် လက်မှတ်နှင့် လိုင်စင်ရရှိပြီးဖြစ်ရမည်၊

(ဂ) ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါဆေးဝါးများကို ထုတ်လုပ်ခွင့် သို့မဟုတ် သုတေသနပြုလုပ် ခွင့်ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး ငြင်းပယ်ခြင်းမပြုပါက ပုံစံ (၆)ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။ ခွင့်ပြုချက်ထုတ်ပေးလျှင် ထုတ်လုပ်ခွင့် သို့မဟုတ် သုတေသနပြုလုပ်ခွင့်ရှိသည့် ဆေးဝါးအမျိုးအစား၊ အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်ကို သတ်မှတ်ပြီး စည်းကမ်းချက်များ ကို ချမှတ်ပေးရမည်။

☐ ၄၅။ ဆေးဝါးများကို ထုတ်လုပ်ခွင့်၊ သုတေသနပြုလုပ်ခွင့် ရရှိပြီးဖြစ်သည့်လုပ်ငန်း၊ ဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် ဆေးဝါးကုန်ကြမ်းများ ရရှိရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) မိမိတို့၏ လုပ်ငန်းအတွက် တစ်နှစ်အတွင်းလိုအပ်သည့် ဆေးဝါးကုန်ကြမ်းများရရှိနိုင်ရန် ယင်း ဆေးဝါးကုန်ကြမ်း အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ကို ပုံစံ (၇) ဖြင့် စာရင်းဇယားပြုလုပ်၍ ဤကိစ္စအလို့ငှာ တာဝန်ပေးထားသည့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစီမံခန့်ခွဲရေး အဖွဲ့သို့ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်မကုန်မီ အနည်း ဆုံး၆လ ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ရမည်၊

(ခ) အကြောင်းကြားစာတွင် ဆေးဝါးကုန်ကြမ်းနှင့် စပ်လျဉ်း၍ မည်သည့်အတွက် လိုအပ်ကြောင်း၊ မည်သို့မည်ပုံ အသုံးချမည့် အကြောင်းများကို အသေးစိတ် ရှင်းလင်းဖော်ပြရမည်။

☐ ၄၆။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့သည် လက်ခံရရှိသည့် အကြောင်းကြားစာ အသီးသီးအပေါ် စိစစ်ပြီး လိုအပ်သည့်ဆေးဝါး ကုန်ကြမ်း အမျိုးအ စား၊ အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ကို လိုအပ်သည့်နှစ်အတွင်း ရရှိနိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ပေးနိုင်သည်-

(က) ပြည်တွင်း၌ ရရှိနိုင်မည့် ဘိန်းစိမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဝယ်ယူ ခွင့်ပြုနိုင်သည်၊

(ခ) ပြည်ပမှ ဝယ်ယူရမည့် ဆေးဝါးကုန်ကြမ်းဖြစ်လျှင် ပြည်ပမှတင်သွင်းနိုင်ရန် သက်ဆိုင်ရာဌာနအဖွဲ့ အစည်းများနှင့် ညှိနှိုင်း၍ တင်သွင်းခွင့် ပြုနိုင်သည်။

☐ ၄၇။ ဆေးဝါးများကို ထုတ်လုပ်ခွင့်၊ သုတေသနပြုလုပ်ခွင့် ရရှိပြီးဖြစ်သည့်လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြား ချက်နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆေးဝါးကုန်ကြမ်းများကို စာရင်းဇယားနှင့် စနစ်တကျလက်ခံ၍ လုံခြုံစွာ သိုလှောင် ထိန်းသိမ်းရ မည်၊

(ခ) သုတေသနပြုလုပ်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အတွက် ကြီးကြပ်ကွပ်ကဲသည့် အစီအစဉ် များ ချမှတ်ပြီးအသင့်သုံးနိုင်သော ဆေးဝါးအဖြစ်သို့ ရောက်ရှိရန် သုတေသနပြုလုပ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းပြုရမည်၊

(ဂ) ထုတ်လုပ်ပြီးသည့် ဆေးဝါးကို စာရင်းဇယားနှင့် စနစ်တကျ သိုလှောင်ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်း ပြုရမည်၊

(ဃ) လက်ခံရရှိသော ဆေးဝါးကုန်ကြမ်းများ၊ သုတေသနပြုလုပ်သည့် သို့မဟုတ် ထုတ်လုပ်သည့် ဆေးဝါးများ၊ ဖြန့်ဖြူးသည့်ဆေးဝါးများ၊ လက်ကျန်ဆေးဝါးကုန်ကြမ်းနှင့် ဆေးဝါးများစာရင်းကို ပုံစံ (၈) ဖြင့် ပြုစုပြီး ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ စီမံခန့်ခွဲ ရေး အဖွဲ့သို့ ပေးပို့ရမည်။

## အခန်း(၉)
## အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း နှင့် လွှဲပြောင်းပေးခြင်း

☐ ၄၈။ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော တားမြစ်ထားသည့် ဆေးဝါးများမှအပအခြားဆေးဝါးများနှင့် ယင်းဆေးဝါးများဖြင့်ဖော်စပ်ထားသာ ဆေးဝါးများကို သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ အောက်ပါလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သည် အသုံးပြုခွင့်၊ လက်ဝယ်ထားရှိခွင့်ရှိသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး လက်အောက်ရှိ ဆေးတပ်ရင်း၊ ဆေးရုံ နှင့် ဆေးခန်းများ၊

(ခ) ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိဆေးရုံနှင့် ဆေးခန်းများ၊

(ဂ) ဆေးတက္ကသိုလ်များ၊ ဆေးပညာသင်ကြားရေးကျောင်းများနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကု သရေး တက္ကသိုလ်များ၊

(ဃ) ဆေးသုတေသနဌာနနှင့် အစိုးရက အသိအမှတ်ပြုထားသည့် အခြားသုတေသန ဆိုင်ရာလုပ်ငန်း ဌာနများ၊

(င) အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊

(စ)

ပယ်ဖျက်

(ဆ) သက်ဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသော ကိုယ်ပိုင်ဆေးကုဂေဟာများ၊

(ဇ) သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ မှတ်ပုံတင်ထားသော ဆရာဝန်များ၊

(ဈ) ရောဂါတစ်ခုခုအတွက် မှတ်ပုံတင်ဆရာဝန်က သုံးစွဲရန်ညွှန်ကြားခြင်း ခံရသောလူနာများနှင့် တိရစ္ဆာန်ပိုင်ရှင်များ၊

(ည) တိရစ္ဆာန်ဆေးကုသိပ္ပံနှင့် ဆေးရုံ၊ ဆေးခန်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ် သို့မဟုတ် အလားတူ တက္ကသိုလ်များနှင့် အစိုးရအသိအမှတ်ပြုတိရစ္ဆာန်ဆေးကုသိပ္ပံမှ အောင်မြင်ပြီးသော တိရစ္ဆာန်ဆေးကုအတတ်ပညာရှင်များ၊

(ဋ) ဤနည်းဥပဒေ ၄၄ အရ ထုတ်လုပ်ခွင့်၊ သုတေသနပြုလုပ်ခွင့် ရရှိပြီးဖြစ်သည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့ အစည်းနှင့် ပုဂ္ဂိုလ်များ၊

(ဌ) ဥပဒေအရ အရေးယူဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ဍ) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် ခွင့်ပြုထားသော လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ။

<ပြင်ဆင် 13.12.2023>

☐ ၄၉။ ကျန်းမာရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၄၈ အရ အသုံးပြုခွင့်၊ လက်ဝယ်ထားခွင့်ရှိသော လုပ်ငန်း၊ ဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ် များအတွက် အသုံးပြုလိုသည့် သို့မဟုတ် လက်ဝယ်ထားရှိလိုသည့် ဆေးဝါးအမျိုးအစား၊အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ကို သတ်မှတ်ပြီး စည်းကမ်းချက် များ ချမှတ်ရမည်။

☐ ၅၀။ နည်းဥပဒေ၄၈ အရ အသုံးပြုခွင့်၊ လက်ဝယ်ထားခွင့်ရှိသော လုပ်ငန်း၊ ဌာန၊အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ် များသည် အောက်ပါအခွင့်အရေးနှင့် တာဝန်များရှိသည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော ဆေးဝါးအမျိုးအစား၊ အရည် အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ထက်မပိုစေဘဲ အသုံးပြုခွင့်၊ လက်ဝယ်ထားခွင့်ရှိသည်၊

(ခ) သတ်မှတ်ချက်နှင့်အညီ လက်ဝယ်ထားရှိသော အဆိုပါဆေးဝါးများကို သီးခြားလုံခြုံစွာသိမ်းဆည်း ထားရမည်၊

(ဂ) ဆေးဝါးများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့၏ အဝင်အထွက်စာ ရင်း စာအုပ်ထားရှိရမည်၊

(ဃ) မည်သည့်လူနာ သို့မဟုတ် တိရစ္ဆာန်အတွက် မည်သည့်ဆေးဝါးကို မည်သည့်နေ့ရက်တွင် မည်မျှ လက်ခံရရှိပြီး မည်မျှသုံးစွဲကြောင်း အဝင်အထွက်စာရင်းစာအုပ်ထားရှိရမည်၊

(င) ယင်းစာရင်းစာအုပ်နှင့် မှတ်တမ်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနက စစ်ဆေးရန်တာဝန်ပေး အပ်ခြင်း ခံရသူက စစ်ဆေးရန်တောင်းခံလာလျှင် ပြသရမည်၊

(စ) အသုံးပြုပြီးစာရင်းစာအုပ်နှင့်မှတ်တမ်းများကို အသုံးပြုပြီးသည့်နေ့မှစ၍ ၂ နှစ်အထိ ကောင်းစွာ ထိန်းသိမ်းထားရှိရမည်၊

(ဆ) ရောဂါတစ်မျိုးမျိုးအတွက် မှတ်ပုံတင်ဆရာဝန်က သုံးစွဲရန် ညွှန်ကြားခြင်းခံရသော လူနာသို့မ ဟုတ် တိရစ္ဆာန်ပိုင်ရှင်၏လက်ဝယ်၌ ဆေးဝါးများကို ရက်သတ္တနှစ်ပတ် စာထက်ပိုမို၍ ထား ရှိခြင်း မပြုရ။

☐ **၅၁။** (က) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော တားမြစ်ထား သည့် ဆေးဝါးများမှအပ အခြားဆေးဝါးများနှင့် ယင်းဆေးဝါးများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ ကို သိုလှောင်ခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်လိုသော လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သည် ခွင့်ပြုချက်ရရှိရန် ပုံစံ (၉) ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) အဆိုပါ ဆေးဝါးများကို သိုလှောင်ခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်လိုသည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရယူမီ အမျိုးသားဆေးဝါး ဥပဒေအရ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိပြီးဖြစ်ရမည်၊

(ဂ) ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါ ဆေးဝါးများကို သိုလှောင်ခွင့် သို့မဟုတ် ရောင်းချခွင့်ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး ငြင်းပယ်ခြင်းမပြုပါက ပုံစံ (၁၀) ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။ ခွင့်ပြု ချက်ထုတ်ပေးလျှင် သိုလှောင်ခွင့် သို့မဟုတ် ရောင်းချခွင့်ရှိသည့် ဆေးဝါးအမျိုးအစား၊ အရည်အသွေး၊ အ ရေအတွက်နှင့် အလေးချိန်တို့ကို သတ်မှတ်ပြီး စည်းကမ်းချက်များ ချမှတ်ပေးရမည်။

☐ **၅၂။** နည်းဥပဒေ ၅၁ အရ သတ်မှတ်ပေးသော ဆေးဝါးကို သိုလှောင်ခွင့် သို့မဟုတ် ရောင်းချခွင့် ရရှိသောလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် အောက်ပါအခွင့်အရေးနှင့် တာဝန်များရှိ သည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ပေးသော ဆေးဝါးအမျိုးအစားကို သတ်မှတ်ပေးသည့် အရေအတွက်နှင့် အလေးချိန်ထက် မပိုစေဘဲ သိုလှောင်ခွင့်ရှိသည်၊

(ခ) နည်းဥပဒေ၄၈အရ အသုံးပြုခွင့်၊ လက်ဝယ်ထားခွင့်ရှိသည့် ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သော ညွှန်ကြားချက်များနှင့်အညီ ရောင်းချခွင့်ရှိ သည်၊

(ဂ) မှတ်ပုံတင်ဆရာဝန်၊ သွားနှင့်ခံတွင်းဆိုင်ရာ မှတ်ပုံတင်ဆရာဝန်နှင့် အစိုးရအသိအမှတ်ပြု တိရစ္ဆာန် ဆေးကုဆရာဝန်များအား ယင်းတို့၏ မှတ်ပုံတင်ကတ်ပြားသို့မဟုတ် အသိအမှတ်ပြု သည့် လက်မှတ်ကို ပြသစေ၍ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သောညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ ရောင်းချနိုင်သည်။ ထို့အပြင် လူနာများအား ထိုဆရာဝန်တစ်ဦးဦး၏ ဆေးဝယ်ယူခွင့် ထောက်ခံချက်ကို ပြသလျှင် ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်ရှိသည်၊

(ဃ) မည်သည့်ဆေးဝါးကို မည်သူအား မည်မျှရောင်းချပေးသည်ကို မှတ်ပုံတင် သို့မဟုတ် အသိအမှတ် ပြု ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာကို ပြည့်စုံစွာ ဖော်ပြ၍ နေ့စွဲနှင့်တကွ မှတ်တမ်း စာအုပ် ဖွင့်လှစ်ထားရှိရမည်။ ယင်းစာရင်းစာအုပ်နှင့် မှတ်တမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသူက စစ်ဆေးရန် တောင်းခံလာလျှင် ပြသရမည်။

☐ **၅၃။** ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ပေးသောဆေးဝါးကို ထုတ်လုပ်ခွင့်၊ သုတေသနပြုလုပ် ခွင့်၊ အသုံးပြုခွင့်၊ လက်ဝယ်ထားခွင့်၊ သိုလှောင်ခွင့်၊ လွှဲပြောင်းပေးခွင့်၊ ရောင်းချခွင့် ရှိသော လုပ်ငန်း၊ ဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည်-

(က) မြန်မာနိုင်ငံအတွင်းသတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ သယ်ယူပို့ဆောင်ခြင်းပြုနိုင်သည်၊

(ခ) နည်းဥပဒေ ၄၈ အရ အသုံးပြုခွင့် လက်ဝယ်ထားခွင့်ရှိသော လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းပြုနိုင်သည်။ ထိုသို့ တစ်ဆင့်ပေးပို့ ခြင်း၊ လွှဲ ပြောင်းပေးခြင်းပြုရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) မည်သည့်နေ့ရက်တွင် မည်သူက မည်သူ့ထံ မည်သည့် ကိစ္စအတွက် တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်း ပေးခြင်းဖြစ်ကြောင်း ဖော်ပြချက်ပါရှိရမည်၊

(၂) တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းဆိုင်ရာ တရားဝင်အထောက်အထား စာရွက်စာတမ်းပါရှိရ မည်၊

(၃) ဆေးဝါးအမျိုးအစား၊ အရည်အသွေး၊ အရေအတွက်နှင့်အလေးချိန်တို့ကို တိကျစွာဖော်ပြရမည်၊

(၄) တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းနှင့် လက်ခံခြင်းအတွက် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး သော သဘောတူညီချက်ပါရှိရမည်။

## အခန်း(၁၀)
## ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း

☐ **၅၄။** (က) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သောတားမြစ်ထားသည့် ဆေးဝါးများမှအပ အခြားဆေးဝါးများကို ပြည်ပမှ တင်သွင်းလိုသည့် သို့မဟုတ် ပြည်ပ သို့တင်ပို့လိုသည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် ခွင့်ပြုချက်ရရှိရန် ပုံစံ (၁၁) ဖြင့် ကျန်းမာရေးဝန်ကြီး ဌာနသို့ လျှောက်ထားရမည်၊

(ခ) အဆိုပါ ဆေးဝါးများအတွက် ပြည်ပမှတင်သွင်းလိုသည့် သို့မဟုတ် ပြည်ပသို့တင်ပို့လိုသည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် နည်းဥပဒေခွဲ(က) အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထား ခြင်းမပြုမီ အမျိုးသားဆေးဝါး ဥပဒေအရ ပြည်ပမှ တင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့ တင်ပို့ခွင့် ရရှိပြီးဖြစ်ရမည်၊

(ဂ) ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါဆေးဝါးများကို ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့တင်ပို့ခွင့်ပြု ရန်လျှောက်ထားချက်ကို စိစစ်ပြီး ငြင်းပယ်ခြင်းမပြုပါက ပုံစံ (၁၂) ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။ ခွင့်ပြုချက်ထုတ်ပေးလျှင် ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့ တင်ပို့ခွင့်ရှိသည့် ဆေးဝါးအမျိုးအစား၊ အရည် အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ကို သတ်မှတ်ပေးပြီး စည်းကမ်းချက်များချမှတ် ပေးရမည်။

☐ **၅၅။** အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ၅၄အရ ခွင့်ပြုချက်ရရှိသော လုပ် ငန်း၊ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား ခွင့်ပြုသည့် ဆေးဝါးများကို သယ်ယူပို့ဆောင်ရ မည့် လေ ဆိပ်၊ ဆိပ်ကမ်းသို့မဟုတ် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ရုံးများကိုတားဆီး နှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။
<ပြင်ဆင် 13.12.2023>

☐ **၅၆။** နည်းဥပဒေ ၅၄ အရ ခွင့်ပြုချက်ရရှိသော လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းလိုင်စင်ရယူပြီးဆောင်ရွက်ရမည်၊

(ခ) ခွင့်ပြုသည့်ဆေးဝါးများကို စနစ်တကျ လုံခြုံစွာ ထုပ်ပိုးရမည်။ ယင်းထုပ်ပိုးထားသည့် ပစ္စည်းတွင် အောက်ပါအချက်များကို ဖော်ပြပြီး မြင်သာသည့် နေရာတွင် ခိုင်ခံ့စွာ ကပ်ထားရမည်။ ယင်းတို့ကို ပြောင်းလဲပြင်ဆင်ခြင်းမပြုရ-

(၁) တင်သွင်းရမည့် သို့မဟုတ် တင်ပို့ရမည့် လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်း စသည့် ခရီးလမ်း ကြောင်း၊ ခရီးစဉ်နှင့် ဆိုက်ကပ်ရပ်နားမည့် နေရာများ၊

(၂) ဆောင်ရွက်ရမည့် အချိန်ကာလ၊

(၃) ဆေးဝါးအမျိုးအစား၊ အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်၊

(၄) တင်သွင်းမည့် သို့မဟုတ် တင်ပို့မည့် ပြည်ပဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်း နှင့် ပုဂ္ဂိုလ်များ၏ အမည်နှင့် လိပ်စာ၊

(၅) အသုံးပြုရမည့်ကိစ္စ၊

(၆) ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဓာတ်ပုံ မိတ္တူ၊

(၇) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်း လိုင်စင် ဓာတ်ပုံ မိတ္တူ။

(ဂ) ကုန်ပစ္စည်းတင် စာရင်းတွင်လည်း ယင်းအချက်များကို ဖော်ပြရမည့်အပြင် အဆိုပါ ခွင့် ပြုချက်နှင့် ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်း လိုင်စင်များကို အလွယ်တကူ ပြသနိုင်ရန် စီစဉ်ထားရှိရ မည်၊

(ဃ) ခွင့်ပြုချက်ပါ သတ်မှတ်ချက်နှင့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရမည်၊

(င) ခရီးစဉ်တစ်လျှောက်လုံးတွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စစ်ဆေးခြင်းကို ခံယူရမည်၊

(စ) ပြည်ပမှတင်သွင်းရာတွင်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းပြုလျှင်ဖြစ်စေ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာရမည့်အပြင် သတ်မှတ်ထားသော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းရုံးတွင်သာ ရပ်နားခြင်း၊ ဆိုက်ကပ်ခြင်း ပြုရမည်၊

(ဆ) ပြည်ပမှတင်သွင်းရာတွင် တင်ပို့သည့်နိုင်ငံ၏ ပြည်ပသို့တင်ပို့ရန် တရားဝင်ခွင့်ပြုချက်လက်မှတ်နှင့်တကွ အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသော ကုန်ပါစာရင်းချုပ်ပုံစံတွင် သီးခြားဖော်ပြ၍ ကြေညာလွှာကို အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရမည်၊

(ဇ) အပြည်ပြည်ဆိုင်ရာ ကူးသန်းသွားလာမှုအရ ယာဉ်တစ်မျိုးမျိုးတွင် ရှေးဦးသူနာပြုလုပ်ငန်းအတွက်လည်းကောင်း၊ အရေးပေါ်ကုသမှုလုပ်ငန်းအတွက် လည်းကောင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကန့်သတ်ချက်နှင့် ညီညွတ်မှုရှိမရှိ သိရှိနိုင်ရန် နည်းဥပဒေခွဲ (ဆ) တွင် သတ်မှတ်ထားသည့်အတိုင်း အကောက်ခွန်ဦးစီးဌာနသို့ ကြေညာလွှာ တင်ပြပြီး စစ်ဆေးမှုခံယူရမည်။

<ပြင်ဆင် 13.12.2023>

## အခန်း(၁၁)
## ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်း

☐ **၅၇။** အမှုစစ်အရာရှိသည်-

(က) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သူသည် ယခင်က ၎င်းပုဒ်မများအနက် ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ပြစ်ချက်ဟောင်းရှိသည့်အတွက် အများဆုံးပြစ်ဒဏ်ချမှတ်နိုင်ရန်အလို့ငှာ ဥပဒေပုဒ်မ ၂၃ ကို ပူးတွဲ၍တရားစွဲဆိုရမည်။

(ခ) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုအတွက် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသော်လည်း ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့လျှင်သော်လည်းကောင်း၊ အယူခံ သို့မဟုတ် ပြင်ဆင်မှုတွင် တရားသေလွတ်လျှင်သော်လည်းကောင်း ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ တရားစွဲဆိုခြင်းမပြုရ။

**ရှင်းလင်းချက်။** ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသည့် ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမဟုတ်ဘဲ ပြစ်ဒဏ်တချို့တစ်ဝက်ကို ကျခံပြီး ကျန်ရှိသည့်ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဂ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ပြစ်ချက်ဟောင်းရှိကြောင်း စုံစမ်း၍ မရရှိသဖြင့် ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ စွဲဆိုခြင်းမပြုနိုင်စေကာမူ တရားစွဲတင်ပို့ပြီးနောက် စီရင်ချက်မချမီ ပြစ်ချက်ဟောင်းရှိကြောင်း စုံစမ်း၍ရရှိလျှင် ဥပဒေပုဒ်မ ၂၃ ဖြင့် ထပ်မံ၍ စွဲချက်တင်နိုင်ရန်တရားရုံးသို့ တင်ပြရမည်။

(ဃ) ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍စွဲဆိုလျှင်-

(၁) ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့သော ပြစ်မှု၏မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော စီရင်ချက်မိတ္တူမှန်ဖြစ်စေ၊ ထောင်ကျဝရမ်းစာ မိတ္တူဖြစ်စေ၊ ပြစ်ဒဏ်ကို အတည်ပြုခဲ့သည့် အကျဉ်းထောင်တာဝန်ခံ၏ သက်သေခံလက်မှတ် (ရဲပုံစံ-၃၁) ဖြစ်စေ ပူးတွဲပါရှိရမည်။

(၂) ရဲစွဲချက်လွှာပုံစံတွင် သိသာထင်ရှားစေရန် ပြစ်မှုကျူးလွန်သူ၏ အမည်နှင့်ယှဉ်တွဲလျက် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးကြောင်း မင်နီဖြင့် ရေးသားဖော်ပြရမည်။

<ပြင်ဆင် 13.12.2023>

☐ **၅၈။** တရားရုံးသည် ပြစ်မှုကျူးလွန်သူအား ပြစ်ချက်ဟောင်းအတွက် ဥပဒေပုဒ်မ ၂၃ဖြင့် ပူးတွဲ၍ စွဲ ဆိုတင်ပို့သည့် အမှုနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ ပြစ်မှုအတွက် စွဲချက်တင်သည့်အခါ ပြစ်ချက်ဟောင်းအတွက် ဥပဒေပုဒ်မ ၂၃ကိုပါ သီးခြားစွဲချက်တင်ရမည်၊

(ခ) တရားခံက ပြစ်ချက်ဟောင်းအတွက် သီးခြားစွဲချက်တင်ခြင်းကိုဝန်ခံလျှင် ယင်းကဲ့သို့ ဝန်ခံကြောင်း မှတ်တမ်းတင်ထားရမည်၊

(ဂ) တရားခံက ပြစ်ချက်ဟောင်းအတွက် သီးခြားစွဲချက်တင်ခြင်းကို ဝန်မခံငြင်းဆိုလျှင် ယခင်က ဥပဒေပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသောပြုလုပ်မှုတစ်ခုခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရဖူးခြင်း ရှိ မရှိ နှင့်စပ်လျဉ်းသည့် နှစ်ဖက် သက်သေများကိုစစ်ဆေးခြင်း မပြုသေးဘဲ ထပ်မံကျူးလွန်သော ပြစ်မှုအတွက် ဆက်လက်စစ်ဆေး ရမည်။ ထိုသို့ စစ်ဆေးပြီးနောက် စီရင်ချက်မချမှတ်မီ ယခင်က ဥပဒေပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသောပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရခြင်း ရှိမရှိ နှင့်စပ်လျဉ်း၍ နှစ်ဖက်သက်သေများအား ဆက်လက်စစ်ဆေးရမည်၊

(ဃ) တရားရုံးက စွဲချက်တင်ပြီးနောက် စီရင်ချက်မချမီ ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရဖူး ကြောင်း အထောက်အထားဖြင့် တင်ပြလာသည့်အခါ ဥပဒေပုဒ်မ ၂၃ ကိုပါ ထပ်မံ၍ သီးခြားစွဲချက် တင်ရမည်၊ ထိုသို့ စွဲချက်တင်သည့်အခါ နည်းဥပဒေခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက် ဆောင်ရွက် ရမည်။

<ပြင်ဆင် 13.12.2023>

## အခန်း(၁၂)
## ပြစ်မှုကျူးလွန်တတ်သူနှင့် ကျူးလွန်ကြောင်းကျော်စောသတင်းရှိသူများအား ကောင်းမွန်စွာ နေထိုင်စေရန် ခံဝန်ချုပ်ချုပ်ဆိုခြင်း

☐ **၅၉။** ရဲစခန်းမှူးအဆင့်ထက်မနိမ့်သော ရဲအရာရှိသည်-

(က) ပြစ်မှုတစ်ခုခုကို ကျူးလွန်တတ်သူနှင့် ကျူးလွန်ကြောင်းကျော်စော သတင်းရှိသူများအား မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ခွင့် ပြုချက်ဖြင့် ဖမ်းဆီးနိုင်သည်၊

(ခ) ထိုဖမ်းဆီးခံရသူအား စီရင်ပိုင်ခွင့် အာဏာရှိသော တရားသူကြီး၏ အမိန့် မရရှိဘဲ ကိုယ်တိုင်ခံဝန် ချုပ်ဖြင့် ဖြစ်စေ၊ အာမခံနှင့်ဖြစ်စေ လွတ်ထားခွင့်မရှိစေရ၊

(ဂ) နည်းဥပဒေခွဲ (က) အရ ဖမ်းဆီးခံရသူများကို စီရင်ပိုင်ခွင့် အာဏာရှိသော တရားသူကြီး၏ ချုပ်ထားရန်အမိန့်မရှိဘဲ ၂၄နာရီထက်ပို၍ ချုပ်မထားရ၊

(ဃ) ထိုသို့ဖမ်းဆီးခံရသူများကို သက်ဆိုင်ရာတရားရုံးသို့ အစီရင်ခံစာနှင့်တကွ တင်ပို့ရမည်။

☐ **၆၀။** စီရင်ပိုင်ခွင့် အာဏာရှိသော တရားသူကြီးသည်-

(က) နည်းဥပဒေ ၅၉ အရ ဖမ်းဆီးခံရသူကို ၂၄ နာရီထက် ကျော်လွန်ပြီး ၁၅ရက်ထက်မပိုသော ရက်အ ပိုင်းအခြားအတွက် ချုပ်ထားရန် တရားစွဲဆိုသည့် အဖွဲ့အစည်းက ခွင့်တောင်းခံလျှင် ဆက်လက်ချုပ် ထားရန် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်၊

(ခ) ဆက်လက်ချုပ်ထားရန် လုံလောက်သော အကြောင်းမရှိဟု ယူဆလျှင်ဖြစ်စေ၊ ဖမ်းဆီးခံရသူမှာ အမျိုးသမီး၊ မကျန်းမာသူ၊ အင်အားချည့်နဲ့သူ သို့မဟုတ် အသက် ၁၈ နှစ်အောက်ရှိသူကလေးသူငယ်ဖြစ် လျှင် ဖြစ်စေ ထိုသူအားတရားရုံးသို့လျှောက်ထား စွဲဆိုခြင်းမပြုမီ လုံလောက်သော အာမခံနှင့် လွတ်ထား နိုင်သည်။

<ပြင်ဆင် 13.12.2023>

☐ **၆၁။** စီရင်ပိုင်ခွင့်အာဏာရှိသော တရားသူကြီးသည်-

(က) ဥပဒေပုဒ်မ၂၅ ပုဒ်မခွဲ (က)အရ ခံဝန်ချုပ်ချုပ်ဆိုရန် စွဲဆိုလာသော အမှုကို ပြစ်မှုဆိုင်ရာအထွေထွေ မှု ဖွင့်လှစ်၍ ဆောင်ရွက်ရမည်၊

(ခ) စွဲဆိုတင်ပို့ခံရသူအား ပြစ်မှုတစ်ခုခုကို ကျူးလွန်တတ်သူ သို့မဟုတ် ကျူးလွန်ကြောင်းကျော်စော သတင်းရှိသူဖြစ်ကြောင်း ရရှိသည့် သတင်းအချက်အလက်များကို ရှင်းပြပြီး ကောင်းမွန်စွာ နေထိုင်ရေး အတွက် ခံဝန်ချုပ်ချုပ်ဆိုရန် အမိန့်ကို မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း ထုချေဖြေရှင်း စေရမည်၊

(ဂ) ထုချေဖြေရှင်းခြင်းမပြုလျှင် ဖြစ်စေ၊ ရရှိသည့် သတင်းအချက်အလက်များကို ဝန်ခံလျှင်ဖြစ်စေ ထိုသူအား နည်းဥပဒေခွဲ(စ)နှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုရန် အမိန့်ချမှတ်ရမည်၊

(ဃ) ထုချေဖြေရှင်းပါက သမ္မန်မှု စစ်ဆေးနည်းအတိုင်း ဆက်လက်၍ စစ်ဆေးစီရင်ရမည်၊

(င) စစ်ဆေးစီရင်သည့်အမှု အတောအတွင်း ရရှိသော သတင်းအချက်အလက်မှာ လုံလောက်သော အကြောင်းမရှိဟု ယူဆလျှင်ဖြစ်စေ၊ ဖမ်းဆီးခံရသူမှာအမျိုးသမီး၊ မကျန်းမာသူ၊ အင်အားချည့်နဲ့သူ သို့မဟုတ် အသက်၁၈ နှစ်အောက်ရှိကလေးသူငယ်ဖြစ်လျှင် ဖြစ်စေ ထိုသူအားအမှုအတောအတွင်း လုံလောက်သော အာမခံနှင့် လွတ်ထားနိုင်သည်။

(စ) ကောင်းမွန်စွာနေထိုင်ရန် ခံဝန်ချုပ် ချုပ်ဆိုသင့်ကြောင်း စစ်ဆေးတွေ့ရှိပါက ခံဝန်ချုပ် ချုပ်ဆိုရန် အမိန့်ချမှတ်ရမည်။ ယင်းအမိန့်တွင် ရရှိသည့် သတင်းအချက်အလက်၊ အာမခံငွေကြေး ပမာဏ၊ ခံဝန်သူဦးရေ၊ ၃ နှစ်ထက်မပိုသောခံဝန်ချုပ်ချုပ်ဆိုရမည့်ကာလနှင့် စည်းကမ်းချက်များ ဖော်ပြပါရှိစေ ရမည်။

(ဆ) ခံဝန်ချုပ်ချုပ်ဆိုရန် အမိန့်ချမှတ်ပြီးနောက် ခံဝန်ချုပ်ကာလအတွင်း အာမခံသူတစ်ဦးဦးက ယင်းအာမခံထားသော ခံဝန်ချုပ်ကို ပယ်ဖျက်ပေးရန်လျှောက်ထားလာလျှင် ကောင်းမွန်စွာ နေထိုင်ရန် ခံဝန်ချုပ်အမိန့်ချမှတ်ခြင်း ခံရသူအား ဆင့်ဆိုပြီး အာမခံသူ အသစ်ဖြင့် ထပ်မံ၍ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်ရမည်။

<ပြင်ဆင် 13.12.2023>

☐ **၆၂။** တရားရုံးသည် ကောင်းမွန်စွာနေထိုင်ရန် ခံဝန်ချုပ်အမိန့် ချမှတ်ခြင်းခံရသူက ခံဝန်ချုပ်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ခံဝန်ချုပ်ချုပ်ဆိုစေရန် ချမှတ်သည့် အမိန့်နှင့်အညီ ခံဝန်ချုပ် မချုပ်ဆိုလျှင်ဖြစ်စေ ထိုသူအား ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ခ) အရ ထောင်ဒဏ် အနည်းဆုံး ၁နှစ်မှ အများဆုံး ၃နှစ်အထိ ချမှတ်ရမည်။

## အခန်း (၁၂-က)
## ရန်ပုံငွေထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း
<ပြင်ဆင် 13.12.2023>

☐ **၆၂-က။** ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (က) ပါ ရငွေများဖြင့် ထူထောင်ထားသည့် ရန်ပုံငွေကို ထိန်းသိမ်းရန်နှင့် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (ခ) အရ ရရှိသည့် လှူဒါန်းပစ္စည်းများကို စီမံခန့်ခွဲရန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

<ပြင်ဆင် 13.12.2023>

☐ **၆၂-ခ။** ရန်ပုံငွေထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့သည်-

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သောပစ္စည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လှူဒါန်း ထားသော ပစ္စည်းများကို ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုလုပ်ရမည်။

(ဂ) မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်းရရှိမည့် ရန်ပုံငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသောဘဏ်တွင် စာရင်းဖွင့်လှစ်အပ်နှံ၍ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်ရမည်။

(ဃ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည့်အပြင် စာရင်းစစ်ဆေးရာတွင် ကူညီဆောင်ရွက်ရမည်။

(င) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လှူဒါန်းသော ငွေကြေးနှင့်ပစ္စည်းများ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့်အဖွဲ့အစည်းများ၊ အလှူရှင်များ ပွင့်လင်းမြင်သာစွာ သိရှိစေရန် စာရင်းစစ် အစီရင်ခံစာကို ထုတ်ပြန်ကြေညာပေးရမည်။

<ပြင်ဆင် 13.12.2023>

☐ **၆၂-ဂ။** ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (က) အရ ထူထောင်ထားသည့် ရန်ပုံငွေမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း များနှင့်စပ်လျဉ်းသည့် အသုံးစရိတ်နှင့် ဆုငွေချီးမြှင့်ခြင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲနိုင်သည်။

<ပြင်ဆင် 13.12.2023>

## အခန်း(၁၃)
## အထွေထွေ

☐ **၆၃။** ဥပဒေပုဒ်မ ၂၆ပါ ရောင်းချရန် အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့် ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းဖြစ်သည်ဟု မှတ်ယူရမည့် ဆေးဝါးအသီးသီးနှင့် ယှဉ်တွဲဖော်ပြ သော မက်ထရစ်အလေးချိန်နှင့် ညီမျှသော မြန်မာအလေးချိန်မှာ အောက်ပါအတိုင်းဖြစ်သည်-

### မြန်မာအလေးချိန်နှင့် မတ်ထရစ်အလေးချိန်

| မြန်မာအလေးချိန် | | | (ဂရမ်) |
|---|---|---|---|
| (၁) | ၁ ရွေးလေး | - | ၀.၁၃၆၀၈ - |
| (၂) | ၁ ရွေးကြီး | - | ၀.၂၇၂၁၆ - |
| (၃) | ၁ ပဲသား | - | ၁.၀၂၀၅၈ - |
| (၄) | ၁ မူးသား | - | ၂.၀၄၁၁၇ - |
| (၅) | ၁ မတ်သား | - | ၄.၀၈၂၃၃ - |
| (၆) | ၅ မူးသား | - | ၈.၁၆၄၆၆ - |
| (၇) | ၁ ကျပ်သား | - | ၁၆.၃၂၉၃၃ - |
| (၈) | အ၀က်သား | - | ၂၀၄.၁၁၆၅၇ - |
| (၉) | အစိတ်သား | - | ၄၀၈.၂၃၃၁၃ - |
| (၁၀) | ၅၀ကျပ်သား | - | ၈၁၆.၄၆၆၂၇ - |
| (၁၁) | ၁ပိဿာ | - | ၁၆၃၂.၉၃၂၅၃ - |
| (၁၂) | ၁၀၀ပိဿာ | - | ၁၆၃၂၉၃.၂၅၃၂ - |

### မက်ထရစ်အလေးချိန်နှင့် မြန်မာအလေးချိန်

| မက်ထရစ်အလေးချိန် | | | မြန်မာအလေးချိန် |
|---|---|---|---|
| (၁) | ၁ ဂရမ် | - | ၀.၀၆၁၂၄ ကျပ်သား |
| (၂) | ၃ ဂရမ် | - | ၀.၁၈၃၇၂ ကျပ်သား |
| (၃) | ၂၅ ဂရမ် | - | ၁.၅၃၁ ကျပ်သား |
| (၄) | ၁၀၀ ဂရမ် | - | ၆.၁၂၃၉၅ ကျပ်သား သို့မဟုတ် |

| | | | |
|---|---|---|---|
| | | | ၀.၀၆၁၂၄ ပိဿာ |
| (၅) | ၁ ကီလိုဂရမ် | - | ၆၁.၂၃၉၅၂ ကျပ်သား သို့မဟုတ်<br>၀.၆၁၂၄ ပိဿာ |

**မှတ်ချက်။** ။ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသော ဆေးဝါးကို မြန်မာအလေးချိန်ဖြင့် ချိန်တွယ် ပါကရရှိသော မြန်မာအလေးချိန်အပြင် မက်ထရစ်အလေးချိန် ကို လည်းဖော်ပြရမည်။ မက်ထရစ် အလေးချိန်ဖြင့် တရားရုံးသို့တင်ပြသည့်အခါ ၁ ကီလိုနှင့်အထက်ကို ကီလိုဖြင့်လည်းကောင်း၊ ၁ ကီလို အောက်ကို ဂရမ်ဖြင့် လည်းကောင်းဖော်ပြရမည်။ မက်ထရစ်အလေးချိန်ကို အနီးဆုံးဒသမနှစ်နေရာထိ ဖော်ပြနိုင်သည်။

**၆၄။** တရားရုံးသည်-

(က) ကလေးသူငယ်က ပြစ်မှုတစ်ခုခုကို ကျူးလွန်သည့်အချိန်တွင် အသက် ၁၈ နှစ် မပြည့်သေးပါက ၎င်းအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရမည်။

(ခ) ပြစ်မှုနှင့်အကျုံးဝင်သော ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို လိုအပ်သလို စီမံခန့်ခွဲရန်အလို့ငှာ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ပေးပို့ရန် အမိန့်ချမှတ်ရမည်။

<ပြင်ဆင် 13.12.2023>

**၆၅။** (က) ဥပဒေပုဒ်မ ၂၅-ဂ ပုဒ်မခွဲ (က) အရ ပေးသွင်းခဲ့သည့်ရန်ပုံငွေ၏ ရာခိုင်နှုန်းတစ်ရပ်ကို ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် အသုံးပြုရန် အောက်ပါအတိုင်း ခွင့်ပြုနိုင်သည်-

| | | |
|---|---|---|
| (၁) | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီး နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများ | ၅၀% |
| (၂) | ပြစ်မှုနှင့်စပ်လျဉ်း၍ သတင်းပေးသူအား ချီးမြှင့်ငွေ | ၃၀% |
| (၃) | ဖမ်းဆီးရေးအဖွဲ့အား ဆုချီးမြှင့်ငွေ | ၂၀% |

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) ပါ နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

<ပြင်ဆင် 13.12.2023>

(ပုံ) မြသင်း
ဒုတိယဗိုလ်ချုပ်ကြီး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန
ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ